
ချင်မ
သခင်ကြင်ဝါယုည်
ဝန်ဇင်း
Read on the move

# အခန်း (၁)

“ဖြည်းဖြည်းဖွင့် သမီး ... အလင်းရောင် စူးသွားတာကို တဖြည်းဖြည်းချင်း ကြည့် ...”

မျက်လုံးတွေကို ဖြည်းဖြည်းချင်း ဖွင့်ကြည့်မိသည် ။ ဒါပေမဲ့ သူမ မျက်လုံးတွေ ပွင့်နေပြီလား ... မပွင့်ဘူးလားဆိုတာ မသိ ...၊

“သမီး ... သမီး ရယ် ... အို ... မငိုရဘူးလေ ...”

“ဒေါ်ဒေါ်သဲ ...”

“ဟင် ... သမီး ... သမီး ဘယ်လိုနေလဲဟင် ...”

“အနှင်း ဘာမှ မမြင်ရဘူး”

“ဟင်!...”

ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ကျသွားတာကို ကြားနေရရင်း ကိုယ့်မျက်ဝန်းက မျက်ရည်ကို ပြန်သိမ်းဖို့ သတိရ၏။ အနားမှာ ဘယ်လိုလူတွေ ဘယ့်နှယ်ယောက် ရှိနေကြမှန်း မသိပေမဲ့ ခုလောက်ဆို ဒေါ်ဒေါ်သဲ မျက်ရည်တွေ ကျနေမည် ..၊တခြားလူတွေကတော့ ကိုယ့်ကို သနားသည့်မျက်လုံးတွေနှင့် ဝိုင်းကြည့်နေလိမ့်မည်။

ဘာဖြစ်လို့ လဲ ...၊

ဒါက ကိုယ်ပြုခဲ့တဲ့ အမှုပဲ နှင်းဆီ ...၊

ဘာဖြစ်လို့ လဲဆိုတော့ ညည်းက နှင်းဆီမျက်နှာဖြစ်နေလို့ ပဲ ..၊

"သမီးလေး ... အနှင်း ..."

"ဒေါ်ဒေါ်သဲ ..."

"သမီး ..."

"ငိုနေတာလား"

"သမီးရယ် ..."

"မငိုပါနဲ့ တော့ ...ဒါက ကိုယ့်မိုက်ပြစ်နဲ့ ကိုယ်ပါ ..."

ဒေါ်သဲမြ၏ ရှိုက်သံက လက်ခုံလက်ကြားနဲ့ ဖိကပ် ပိတ်ထားခံရ သည့်ကြားက တုန်လှိုက်စွာ ထွက်ပေါ်နေတာမျိုး ...၊

"သမီးရယ် ... သမီး မိုက်တာ မဟုတ်ပါဘူး ...သမီးက မိန်းမမိုက် လေး မဟုတ်ဘူး ..မိဘကျေးဇူးကို သိတတ်တဲ့ သမီး အလိမ္မာလေးပါ သမီးရယ်"

"အနှင်းတို့ ဆေးရုံက ဆင်းရအောင် ..."

"ဟင်!"

"မရသေးဘူးကွယ် ... မျက်လုံးတင် မကဘူး သမီးရဲ့ ကိုယ်မှာ တခြားဒဏ်ရာတွေ ရှိသေးတယ် ..."

ထိုသူက ဆရာဝန်လား ...၊

နားစွင့်ကြည့်လိုက်တော့ ထိုအသံနှင့်အတူ ဘေးမှာ လှုပ်ရှားသံတွေ ရှိနေသေးသည် ။ သူနာပြုဆရာမတွေလား ... ကိုယ့်ကို သတင်းမေးလာကြသည့် တခြားလူတွေလား ...၊

“မဖြစ်ဘူး … ဆေးရုံမှာ ကြာနေလို့ မဖြစ်လို့ ပါ ..၊ဒေါ်ဒေါ်သဲ …”

“ဟင် … သမီး …”

“အနှင်း ဒေါ်ဒေါ်သဲနဲ့ စကားပြောချင်တယ်”

အနားမှာ လည်း ဆရာဝန်နဲ့ သူနာပြုတွေအပြင် ဘယ်သူမှ မရှိတာမို့ ဒေါ်သဲမြ အားတော့ နာသွားမိသည် ။ ဒါပေမဲ့ လူနာ စိတ်ချမ်းသာရေးအတွက် ဆရာဝန်ကလည်း နားလည်ပါ၏။

“ဒေါ်ဒေါ်သဲ … ခု အနှင်း ပြန်လာတာကို ဘယ်သူမှ မသိကြဘူးမို့ လားဟင်…”

“မသိပါဘူး သမီးရယ် … သမီးက တမင် မသိစေချင်လို့ ဒေါ်ကြီးကိုပဲ လျှို့ဝှက်ဆက်သွယ်ထားခဲ့တာကို ဒေါ်ကြီး ပြောပဲ့မလား”

“ မဟုတ်ဘူး … ခုလို ဆေးရုံရောက် ဘာရောက် ဖြစ်သွားတော့ အနှင်း သတိလစ်နေတုန်း …”

“မခေါ်ဘူး သမီး … ဒေါ်ကြီး သိတယ် … သူတို့ ကို အားကိုးလို့ ရမှာမှ မဟုတ် …”

ပြောနေရင်း ငိုသံပါလာခဲ့လျှက် …

“ဒေါ်ကြီး စိတ်မကောင်းတာက တစ်ပြည် တစ်နယ်က ပြန်လာတဲ့ သမီးကို မမကြီးက မျှော်သလို … ဒေါ်ကြီးကလည်း အရမ်းတွေ့ချင် နေခဲ့တာလေ .. ဝမ်းပန်းတသာ ဆုံကြရမဲ့ခရီးက … ခုတော့ …”

မျက်လုံးထိ ခိုက်ထားတဲ့ လူနာကို မျက်ရည်ကျမှာ စိုးပေမဲ့ ဒေါ်သဲမြ ဘယ်လိုမှ မထိန်းချုပ်နိုင် …

“ဝမ်းမနည်းပါနဲ့ ဒေါ်ဒေါ်သဲရယ် … အနှင်းကတော့ ကိုယ့်အကုသိုလ်

နဲ့ ကိုယ် ခံရတာလို့ ပဲ မှတ်တယ် ...”

“ဘယ်လို!...”

“အနှင်း မေမေ့ကို အထင်လွဲခဲ့မိတာ ... ဟိုတစ်ခါလိုပဲ မေမေဘာမှ ဖြစ်တာ မဟုတ်ဘဲ လှမ်းခေါ်တာမျိုး ဖြစ်နေမှာ စိုးလို့ မန္တလေးရောက် နေရက်နဲ့ မေမေ့ဆီကို တန်းမသွားဘဲ နေခဲ့တယ် ... ဒေါ်ဒေါ်သဲ နဲ့ ဆက် သွယ်လို့ ရပါလျက်နဲ့ ကိုယ့်ဒေါသနဲ့ ကိုယ် ထင်ရာတွေးပြီး ထင်ရာ လုပ် ခဲ့တာ ...”

ရင်ထဲမှာ နာကျင်နေဆဲပါ ... ၊ ကိုယ့်မျက်လုံးကွယ်ရတာနဲ့ ထပ်တူ မေမေ့ကိုပါ ဆုံးရှုံးရတော့မယ်ဆိုတာ သိနေသည့် နာကျင်မှုကခံရခက် နေ၏။

ဒါဟာ သူမ မိဘအပေါ်မှာ အထင်လွဲခဲ့သည့် စိတ်အခံနှင့် သံသယ ထားခဲ့မိလို့ ဖြစ်သည် ။ ဖေဖေရယ် ... မေမေရယ် ... အတူတူ ရှိကြစဉ်တ ည်းက အနှင်းမေမေ့ကို ပိုချစ်ခဲ့တာပါ ...။

ချစ်ရသည့် မေမေဟာ နောက်ထပ် အိမ်ထောင်သစ် ထူထောင်သည့် ကိစ္စကျမှ ဘယ်မျက်နှာကိုမှ မကြည့်ဘဲ ဆုံးဖြတ်ခဲ့သည် ။ ပထွေးနဲ့ နေရ မည့် သမီးပျိုလေးတစ်ယောက်အတွက် မငဲ့ညှာ ...။

နာကျင်မှုများ စွာနှင့် အနှင်း မေမေ့ကို နာကြည်းသွားခဲ့သည် ။ထို့ပြ င် ပထွေးဆိုတဲ့ လူကရော စိတ်ဓာတ် စာရိတ္တ ကောင်းခဲ့လို့ လား ...။

“ကိုယ့်စိတ်ကို ဖြေပါ သမီးရယ် ... သမီးက မိဘကို အထင်လွဲခဲ့တာ အပြစ်တစ်ခုပေမဲ့ လူငယ်တစ်ယောက်ရဲ့ အတွေးစိတ်နဲ့ ဆိုရင် ဒီလိုပဲ မှားတတ်ကြပါတယ် ... ကိုထက်ခိုင် ဆိုတဲ့ လူကလည်း လူကောင်းသူ ကောင်းတစ်ယောက်မှ မဟုတ်တာ ..”

နှင်းဆီ ဘာတွေတွေးပြီး ယူကျုံးမရ ဖြစ်နေမှန်း ဒေါ်သဲမြကလည်း သိသည် ။ ထို့ကြောင့်ကိုယ့်ဝမ်းနည်းမှုကို အသာထား၍ နှစ်သိမ့်ပေးမိသည် ။

"အခု သမီး ဘာလုပ်ချင်သလဲ ဟင် ..."

"အနှင်း ...ရန်ကုန်ကို မသွားတော့ဘူး"

"ဟင်!... ဘယ်လို..."

"မေမေက အိပ်ရာထဲ လဲနေပြီ ..."

"ဟုတ်တယ် ... ဟုတ်တယ်လေ သမီးရယ် ...ကိုယ့်မိဘရဲ့ နောက်ဆုံးအချိန်လည်း ဖြစ်နိုင်တယ် ... ပြီးတော့ သမီးမေမေ မရှိတော့ရင် သမီးရှိမှ ..."

"အနှင်းက စုံလုံးကန်းနေပြီ ဒေါ်ဒေါ်သဲ..."

"အိုကွယ် ..."

"မေမေ့အတွက်မားမားမတ်မတ် ရပ်ပေးဖို့ လာခဲ့တဲ့ သမီးက မျက်မမြင်တစ်ယောက်ဆိုရင် ..."

"သမီးရယ် ... ဒါကို ဘယ်သူမှ ဖန်တီးတာ မဟုတ်သလို လွန်ဆန်လို့ ကော ရလို့ လား..."

"ဟင့်အင်း ...ဒီလူယုတ်မာ ကျေနပ်အားရစွာ ရယ်နိုင်ဖို့ အတွက် အိမ်ပေါ်ကို တုတ်တယမ်းယမ်းနဲ့ တက်မသွားချင်ဘူး ...ပြီးတော့ ...."

သူမ ထွက်သွားမည့်နေ့က ပြဿနာ ဖြစ်ရတာတွေကို ခုထိ မမေ့နိုင်သေးပါ ...။

"ဒီလောက် ယုတ်မာတဲ့ လူနဲ့ မေမေ နေခဲ့ ... မေမေ ပျော်နိုင်အောင်ပဲ

ကြိုးစားပါ ... အနှင်းဒီအိမ်ပေါ်ကို ဘယ်တော့မှ ပြန်မလာတော့ဘူး ...”

“ဟော့... ဘယ်တော့မှ စကားကို ကြည့်ပြောနော် ... စကားကိုတဆုံး မပြောနဲ့ ...”

“ကျွန်မတို့ သားအမိ ပြောနေတဲ့ အကြောင်းအရာထဲကို ဦးထက်ခိုင် ဝင်မပါပါနဲ့ ...”

“နင်က ငါ့ကို လူယုတ်မာလို့ ပြောနေတာ ငါက မဆိုင်သလို နေရမှာ လား ...အဲဒီလူယုတ်မာဆိုတာ နင့်အမေရဲ့ ယောကျ်ား ... ဒီအိမ်ရဲ့ အိမ် ထောင်ဦးစီး ... အိမ်ဦးနတ် ...”

“လာမပြောနဲ့ ...ရှုံစရာတွေ ...”

“အေး ...ဒါပေမဲ့ နင်က ငါ့သမီး တော်နေပြီဆိုတာ နားလည်ထား ... ဒီတော့ နင့်အမေလိုပဲ ငါ ဆုံးဖြတ်လို့ ရတယ် ...”

“နှင်းပန်းမြိုင်”ရဲ့ စည်းကမ်း ကလနားတွေကိုလည်း ငါချမှတ် ဆုံးဖြ တ်တဲ့ အတိုင်းဖြစ်ရမယ် ...ဒီတော့ နင်ဒီက ထွက်သွားဖို့ နင့်အမေကော ငါကော မတိုက်တွန်းဘူး... ထွက်သွားပြီးရင်လည်း ပြန်တက်လာဖို့ စိတ် မကူးနဲ့ ... ၊အေး ... ပြောထားတဲ့ ကြားက မျက်နှာပြောင်ရင်တော့တံခါး တစ်ချပ်ရဲ့ အထဲနဲ့ အပြင် နင်တို့ သားအမိ ရင်နှစ်ခြမ်း ဖြန်းဖြန်းကွဲအော င် ငိုနေလည်း အိမ်ထဲ ဝင်ရမယ် မထင်နဲ့ ...”တဲ့ ..။

ထိုစဉ် သူအော် ကိုယ်အော် အကြီးအကျယ် ပြဿနာတက်ခဲ့ကြသည် ။ မေမေ ငိုနေတာလည်း မသိ ...၊ နှလုံးရောဂါ ဖြစ်သွားလောက်အောင် ထိခိုက်ကြေကွဲသွားခဲ့မယ်လို့ လည်း မထင်ခဲ့ပါ ...။

စိတ်ထဲမှာ သူချစ်တဲ့ ယောကျ်ား ဘယ်လောက်ထိ အောက်တန်းကျ တဲ့ အမျိုးအစားလဲဆိုတာ သိသွားပါစေလို့ တောင် တွေးခဲ့မိသေးသည် ။

"မသွားပါနဲ့ သမီးရယ် ...သမီးအမေ အရမ်း စိတ်ထိခိုက်သွားတာသိလား ... သမီးမှ မရှိရင် သမီးအမေ ဘယ်သူ့ကို အားကိုးမလဲ ..."

"အနှင်းကို အားမကိုးချင်လို့ သူအားကိုးရမဲ့လူကို ရှာလိုက် တာပဲ ဒေါ်ဒေါ်သဲ ... အနှင်းဆင်းသွားလည်း ငိုရရင် ခဏပေါ့ ... ဝေးသေးတယ် ... ဒီအိမ်ကို ဘယ်တော့မှ ပြန်မလာဘူး ..."

ပြတ်သားစွာ ပြောခဲ့သည် ။ ကြားသွားအောင် တမင်ပြောပစ်ခဲ့သည် ။ ပြီးတော့ စင်ကာပူမှာ ဆွေမျိုးသားချင်းလည်း မရှိဘဲ သူငယ်ချင်းတစ်ယောက် အားကိုးနှင့် ထွက်သွားခဲ့ပြီး ဟိုမှာ ပဲ အလုပ်လုပ်ခဲ့သည် ။

ကံကောင်းချင်တော့ ဟိုမှာ ကိုယ့်လူမျိုး အချင်းချင်း ရင်းနှီးသွားခဲ့တာ အကူအညီတွေ ရခဲ့သည် ။အလုပ်တစ်ဖက်နှင့် ဘွဲ့တစ်ခုရအောင် ပညာဆက်သင်နိုင်ခဲ့၏။ ခုဆို ဟိုမှာ ခင်မင်တွယ်တာခဲ့ကြတာမိသားစု တစ်စုလိုတောင် ဖြစ်နေခဲ့ပါပြီ ...။

"ပြောလေ ... ဆက်ပြောလေ ... သမီး ... သမီးက စင်ကာပူ ပြန်သွားတော့မလို့ လား ... ဟိုမှာ ရော သူစိမ်းတွေ ဘယ်လောက်ကောင်းကောင်း သမီး ခုလိုဖြစ်နေမယ် ဆိုရင် ..."

"မပြန်ပါဘူး ... အနှင်းတောင်ကြီးကိုသွားမယ် ..."

"တောင်ကြီးကို ..."

ဒေါ်သဲမြ သံယောင်လိုက်ဆိုရင်း နားမလည်နိုင်သလို ...၊

"ရန်ကုန်နဲ့ အဝေးကြီးပဲ သမီးရယ် ..."

"လေယာဉ်နဲ့ ဆိုရင် တစ်နာရီအတွင်းထလာလို့ ရပါတယ် ..."

"ဒါပေမဲ့ ...."

"ဒေါ်ဒေါ်သဲ အကြောင်းတစ်ခုခုပြပြီး ပြန်နေလိုက်ပါ ..."

"အို ... သမီး ဒီလိုဖြစ်နေတာကို ဒေါ်ကြီးက တစ်ယောက်တည်း ထားခဲ့ရမလား ... မဟုတ်တာ သမီးရယ် ..."

"မေမေ့အတွက် ဒေါ်ဒေါ်သဲ လိုအပ်တယ်လေ ... အနှင်းက ..."

"မမကြီးက တိုက်ကြီးပေါ်မှာ ခြွေရံသင်းပင်းတွေနဲ့ ပါ ... ကလေးရယ် ပြီးတော့ မိလှကလည်း ဒေါ်ကြီးတူမပါ ...၊သူရှိနေရင် အိမ်နဲ့ အဆက်အသွယ်ရဖို့ ရော .. မမကြီးအတွက်ပါ ... စိတ်ချရပါတယ် ...သမီး တကယ်ကို မပြန်တော့ဘူးဆိုရင် ဒေါ်ကြီးက သမီးနဲ့ ပဲ နေရမှာ ပေါ့ .. မမကြီး သိရင်လည်း ဒီအတိုင်းပဲ ဖြစ်စေချင်မှာ ပါ ..."

နှစ်ယောက်စလုံးအတွေးကိုယ်စီနှင့် တိကျသွားပြန်ကာ ဒေါ်သဲမြ ပါး စပ်ပိတ် မျက်ရည်ကျနေတာကို နှင်းဆီမမြင်နိုင်ပေမဲ့ ဒေါ်သဲမြကတော့ မြင်နေရလျက် ...

"တိတ် ...တိတ် သမီး ... မငိုပါနဲ့ ကွယ်... သမီးဆုံးဖြတ်တာ မမှန်သေးပေမဲ့ မမှားပါဘူး ... ကိုထက်ခိုင်က သိပ်လည်တာ ... အပြောလည်း ပက်စက်တယ် ...၊ဟိုတစ်ခါ သမီးအမေ ခေါ်လို့ ပြန်လာတုန်းကလည်း သမီးကို သူမမြင်လိုက်ရပေမဲ့ တွေ့များ တွေ့ခဲ့ရင် အိမ်ပေါ်က တကယ်ဆွဲချတော့မတတ်ပဲ ... ခုနေ ပြန်သွားလည်း ဒီတိုင်း နေမှာ ပဲ ..."

တွေ့ခဲ့ မြင်ခဲ့တာတွေကို ပြောရင်းဒေါ်သဲမြကလည်း မချိတရိ အံကြိတ်နေရှာ၏။ မအေက ခေါ်တဲ့ နောက်ထပ်တစ်ခါမှာ ဒီမိန်းကလေး မပြန်ချင်ခဲ့တာလည်း အပြစ်မဆိုသာပါ ...၊

ပထမတစ်ခါ ခေါ်တုန်းက ကျန်းမာရေးက ပြောရလောက်အောင်ဆိုးရွားခဲ့တာ မဟုတ်ပါ ...၊ဒါပေမဲ့ အမွေကိစ္စတွေ

ကျိတ်ပြီး စိတ်စဉ် စရာရှိသည် လို့ တိုင်ပင်ခဲ့သဖြင့် ဒေါ်သဲမြ ကိုယ်တိုင် နှင်းဆီနဲ့ ဆက်သွယ်ပြီး ခေါ်ပေးခဲ့တာ ဖြစ်၏။

ကိုယ့်အိမ်ကိုယ် မဝင်ထွက်ရဲစရာ ဘာမှ တော့ မရှိပေမဲ့သားအမိ တွေ့ကြတော့ ဦးထက်ခိုင် အိမ်မှာ ရှိမနေခဲ့ပေ ...၊ဒါပေမဲ့ ဝုန်းဒိုင်းကြဲပြီး ပြန်ရောက်လာသည် ။ နှင်းဆီလည်း နောက်ထပ်တစ်ခါ သွားမတွေ့ဖြစ် တော့ဘဲ ဘာကိစ္စမှ လည်း မစီစဉ်ဖြစ်ခဲ့ပါ ...။

ဦးထက်ခိုင်ကတော့ နှင်းဆီက သူမသိအောင် အိမ်ကိုလာသွားပါသ ည် ဆိုပြီး လင်မယားချင်း သတ်ပွဲတွေလည်း ဖြစ်၏ ကြိမ်းဝါးနေ လိုက် တာလည်း ကြားလို့ မကောင်းလောက်အောင်ပင် ...၊

ဒါတွေကြောင့် နှင်းဆီ ဆုံးဖြတ်လိုက်တာကို ဒေါ်သဲမြ ဒီ့ထက် ပိုပြီး မတားဆီးချင်တော့ပေ ..၊

"ဒေါ်ဒေါ်သဲ ..."

"ဟင် ..."

"အနှင်းထပ်ပြီး မိုက်မဲမိပြန်ပြီလားဟင် ..."

"သမီးရယ် ..."

"မေမေနဲ့ ပြောခွင့်ရရင် အနှင်းတောင်းပန်ချင်ပါတယ် ... ခုနေအနှင်း မျက်မမြင်ဘဝနဲ့ ပြန်သွားရင် ... ပြီးတော့ လူမမာ ရှေ့မှာ ဆိုပြီး ဦးထက်ခိုင်ကြီး အပြောအဆို မဆင်ခြင်ခဲ့ရင် အဲဒါတွေကြောင့် မေမေပိုပြီး အသက်တိုသွားမှာ ..."

"ဟုတ်ပါတယ် ... ဒေါ်ကြီး တွေးမိပါပြီ သမီးရယ် ... မမကြီးကို အ ကောင်းဆုံးပြန်ပြောနိုင်အောင် ဒေါ်ကြီး ကြိုးစားပါ့မယ် ... ပြီးတော့ သ မီးအတွက် အစစအရာရာအဆင်ပြေဖို့ လည်း စီစဉ်ပေးမယ် ... ဘယ်သူ့

ကိုမှ အကြောင်းမကြားရင် ဘယ်သူမှ သိမှာ မဟုတ်ပါဘူး သမီးရယ် နော် ..ဒီနေ့ ဆေးရုံက ဆင်းဖို့ တော့ မကြိုးစားပါနဲ့ ...”

ဒေါ်သဲမြ အထပ်ထပ်တောင်းပန်နေမိသည် ။ နှင်းဆီ ခေါင်းမညိတ်ခဲ့ပါ ...ဒါပေမဲ့ မျက်ရည်တို့ က မစဲသောမိုးကဲ့သို့ စွေနေခဲ့ရင်း မျက်လုံးတွေက တဖျင်းဖျင်း ကျိန်းစပ် ကိုက်ခဲလာသည် ။

မျက်လုံးတွေကို တွန်းလှန်ဖို့ ကြိုးစားက မျက်လုံးမှိတ်လိုက်တော့ မြင်လွှာတွေရဲ့ နောက်ကွယ်မှာ ခပ်ရေးရေးအလင်းရောင်တို့ ပျောက်ဆုံးကာ ပို၍ သိပ်သည်းစွာမှောင်မိုက်သွားသည် ။

ထို့ကြောင့် စက်ဝိုင်းတွေ အနီ အဝါ အပြာရောင်စုံတိုက တစ်ရစ်ပြီးတစ်ရစ် လှိုင်းထသလို ပြန့်ကားသွားခဲ့ရင်း တရိပ်ရိပ် မူးနောက်လာ၏။

လူတစ်ကိုယ်လုံးကို အပေါ်နဲ့ အောက်ကိုင်မြှောက် ဆွဲယမ်းခြင်း ခံနေရသလို ရင်ထဲမှာ တလှပ်လှပ်နှင့် ...၊

“သမီး ... သမီး အနှင်း ...”

“ဟင် ...”

သူမ ပြန်ထူးလိုက်သည် ။ ဒါပေမဲ့ အသံထွက်သွားရဲ့ လား ...။ ဒေါ်ဒေါ်သဲ ကြားရဲ့ လား ..။

ဘာမှန်းတော့ မသိပေမဲ့ ဒေါ်ဒေါ်သဲ ထပ်ခေါ်နေသေးတာ ကိုတော့ ကြားနေရ၏။ သို့သော် ...

နောက်ထပ် ဘာသံမှ မကြားတော့ဘဲသူမမွေ့ရာခင်းကို ဆုပ်ဆွဲထားရင်း သတိလစ်သွားခဲ့လေသည် ။ လွတ်ထွက်သွားသည့် အသိစိတ် တွေကတော့ မေမေ့ထံပြေးလွှား ပျံသန်းနေခဲ့ပြီ ...၊

*

## အခန်း (၂)

"ဘာသံတွေလဲ ဒေါ်ဒေါ်သဲ ..."

"ဟင် ...ဩော် ... အလုပ်သမားတွေပစ္စည်းသယ်နေကြတာပါ ..."

ဒေါ်သဲမြက ကားပေါ်မှာ ကိုယ့်ပစ္စည်းတွေ ကျန်ခဲ့မှာ စိုးလို့ အိမ်ပေါ် တက်လိုက် ... ပြန်ပြေးကြည့်လိုက် အလုပ်ရှုပ်နေခဲ့၏။ နှင်းဆီကလည်း ဒေါ်သဲမြ လှုပ်ရှားနေသည့်အသံကို နားထောင်ရင်း နောက်ထပ် မေးဖို့ မေးခွန်းကို မျိုသိပ်နေလိုက်သည် ။

"အစ်မကြီး ပစ္စည်းတွေ ကုန်ပြီနော် ..."

"ဟုတ်တယ် ...ကုန်ပြီ ... ကုန်ပြီ ... ဒါလေးကိုတော့ အိမ်ထဲထိသေချာလေး ထိန်းပြီး ပို့ပေးခဲ့ပါကွယ် ... တို့ ချည်းပဲ ကျန်ခဲ့ရင် မသယ်နိုင်လို့ ပါ ..."

မျက်မမြင်တစ်ယောက်နှင့် ဗျာများ နေသည့် ဒေါ်သဲမြကို ကားသမား နှစ်ယောက်ကလည်း အစအဆုံး ကူညီသယ်ပိုးပေးသွားခဲ့ကြ၏။

"အမလေး ... မောသွားတာပဲ ... ပစ္စည်းလေး အနည်းအကျဉ်းသာဆို တယ် ... နည်းနည်း ကြီးမားတာလေးတွေနဲ့ ကွိစိကွစိ ဗာဟီရ ပစ္စည်း လေးတွေနဲ့ နည်းတာ မဟုတ်ဘူး ..."

"ဒေါ်ဒေါ်သဲ က ဘာတွေ သယ်လာတာလဲ ... တမင် အေးဆေးနေ ချ င်လို့ တောဝိုင်းမှာ လာနေတဲ့ ဥစ္စာ ... ခုလည်း နားထဲမှာ ဆူညံနေတာပဲ .

.. ဒါက ရွာ မဟုတ်ဘူး လား … အလုပ်သမားတွေ ပစ္စည်းသယ်နေကြတယ်ဆိုတာ ဘာလဲ …”

“ဩော်…ဒီက ကပ်လျက်မှာ ကျောက်တိုင်နဲ့ အိမ်ဆောက်ပစ္စည်းလေးတွေ ဘာညာရောင်းတဲ့ ဆိုင် ရှိတယ် …”

“ဟင် …”

ဒေါ်သဲမြက ယာယီချထားသည့် ကုလားထိုင်တစ်လုံးမှာ ထိုင်နေတာဖြစ်ကာ နှင်းဆီက အသံတွေကို နားစွင့်ရင်း ထိုဘက်ကို ခပ်စမ်းစမ်းတိုးလျှောက်သွား၏။

ဒေါ်သဲမြထိုင်မနေနိုင်တော့ဘဲ ကမန်းကတန်း ပြေးထတွဲရကာ…

“မြို့က ကုန်မာဆိုင်ကြီးတွေလို မဟုတ်ပါဘူး သမီးရယ် … ပစ္စည်းလေးတွေ နည်းနည်းပါးပါး တင်ထားတဲ့ ဆိုင်ခပ်သေးသေးလေးပါ …”

“ဆိုင် သေးသေး မသေးသေး ဒေါ်ဒေါ်ရယ် … ကော်ဖီဆိုင်တွေ စာသင်ကျောင်းတွေ ကျူရှင်တွေ ဘာနဲ့ မှ မနီးချင်လို့ အနှင်းဒီကို လာနေတာ . ..”

“သမီးရယ် ခက်တော့တာပဲ …ရွာဆိုပေမဲ့ အရမ်း ခေါင်ဖျားလွန်းတော့လည်း အန္တရာယ်ကြီးပါတယ်ကွယ် … တိတ်ဆိတ်အေးချမ်း တယ်ဆိုတာ နေ့မှာ သိပ်အကြောင်း မဟုတ်ပေမဲ့ ညဘက်ကျတော့ ချောက်ချားစရာကြီးပါ … ဒီနေရာလေးက မြို့ပေါ်က အဆင်းလေးတင်ပဲ …သမီးနေကြည့်လိုက်ပါဦး …တကယ်လို့ ဒီတိုင်းပဲ နားဆူနေတယ် ဆိုရင် ဟိုဘက်မှာ မြေနီကုန်းရွာဆိုတာ ရှိတယ် … အဲဒီဘက်ကို သွားကြည့်ကြတာပေါ့ …”

ဒါကို လက်မခံချင်ပေမဲ့ ဒေါ်ဒေါ်သဲ ကိုလည်း စိတ်မညစ်စေချင်တော့

ပါ ...၊

“သမီး ... ဒီမှာ ရော့ ... ဒီတုတ်လေး ကိုင်ထား...ဒီမှာ ခလုတ် ကုန်းနိမ့် ... ကုန်းမြင့်တွေကျတော့ ဒါလေး အတိုးအလျှော့လုပ်ပြီးကိုယ့်ကိုယ်ကိုယ် ထိန်းလို့ ရတယ် ...”

မျက်မမြင်အတွက်အဆင်ပြေစေမဲ့ ပစ္စည်းတွေ လိုအပ်သလို ဝယ်လို့ရနေတာလည်း ကိုယ်တကယ်ကြုံမှ သာ ကျေးဇူးတင်မိခဲ့တာ ဖြစ်သည် ။ ဘာကို တင်မိမှန်းတော့ မသိ ...၊

“ခဏနေရင် သမီး အထဲမှာ ဝင်လှဲပြီး အနားယူလို့ ရပြီ ...”

“ဒေါ်ဒေါ်သဲ ဘာတွေ လုပ်နေတာလဲဟင် ... စောင် ခေါင်းအုံးတွေလောက်ကတော့ အနှင်းဝိုင်းသယ်ပေးနိုင်ပါတယ် ...”

“သယ်နိုင်မှန်းတော့ သိတာပေ့ါ သမီးရယ် ... ဒါပေမဲ့ သမီးက ရိုးရိုးဖျားနာနေတာမှ မဟုတ်တာ ... နောက်တော့ အိမ်နဲ့ အသားကျရင် သမီးဘာသာ လုပ်ပေ့ါ ...”

မျက်လုံးမမြင်တာကိုလည်း ဒါကြောင့် ဦးစားပေး ဂရုစိုက်နေရတာပေမဲ့ မျက်မမြင်တစ်ယောက်လို့ ပြောလည်း မပြောရက် ...၊ဒါ ကြောင့် ဂရုစိုက်နေတာကိုလည်း မခံစားစေချင် ။

“လာသမီး ...ဒီနားမှာ နေချင်ရင် ဒီမှာ ခုံလေး ချထားပြီးပြီ ... ထိုင်လိုက် ...”

ကော်ခုံလေး ချထားပေးပြီး ထိုင်ဖြစ်သွားအောင် ဒေါ်သဲသဲကပဲ သေချာကိုင်ပြီး နေရာထားပေးရ၏။

“အခု နှင်းမျက်နှာမူထားတာ ပြတင်းပေါက်လား ဟင်”

“ဟုတ်တယ်လေ ... အဲဒါ ခေါင်းရင်း ပြတင်းပေါက် ... ကျောက်တိုင်တွေ ရောင်းတဲ့ ဆိုင်နဲ့ ဆို သူတို့ ကခြေရင်း ...”

မမြင်ရတဲ့ လူအတွက် ဒေါ်သဲမြက သေချာ လှမ်းကြည့်ပြီး ပြောပြနေရသည် ။

“အိမ်ကတော့ တောအိမ်မျိုးပါပဲ ... နှစ်ထပ်တိုက် ပုံကြမ်းပေ့ါ ... မျက်နှာစာအဖွင့်က ကျယ်တယ် ... ရှေ့မှာ သွပ်ဆူးကြိုးခွေတွေရော ... ကျောက်တိုင်သံပန်းတွေရော ...၊ အိမ်ထဲမှာ တော့ တို့ လာတုန်းက အပြင်က ကြည့်လိုက်တာ အိမ်ဆောက်ပစ္စည်းတွေ တော်တော်စုံမဲ့ပုံပဲ ...”

ဒါနဲ့ ကွိစိကွစိလေးတွေ ရောင်းတဲ့ ခပ်သေးသေးဆိုင်လေးပါဆို ....

“သြော် ... ဟို ... သမီးကလည်း ...”

ဆိုင်က သိပ်မကြီးတာတော့ မှန်ပေမဲ့ ဆိုင်မှာ ရှိသမျှ ကိုယ်က ကြော်ငြာပေးမိတော့ အများကြီးဖြစ်နေသဖြင့် ဆိုင် ခပ်သေးသေးပါပဲလို့ ရုတ်တရက် ပြန်ပြောဖို့ အခက်တွေ့သွား၏။

နှင်းဆီက မပြုံးချင်ပေမဲ့ ပြုံးလိုက်မိကာ ...

“အဲဒါကို ထားလိုက်ပါတော့ ... နောက်ထပ် အရမ်းဆိုးမလာဘူး ဆိုရင် အနှင်း သည်းခံလို့ ရပါတယ် ... ဒေါ်ဒေါ်သဲကိုပဲ အံ့သြလို့ ”

“ဘာကိုလဲ ... ဟင်”

“ဒေါ်ဒေါ်သဲ က တောမှာ မိန်းမသားနှစ်ယောက်တည်း မနေရဲလို့လား ...”

“မဟုတ်ပါဘူး သမီးရယ် ... ဒေါ်ကြီး စိတ်ပူမိတာတွေက သမီးအတွက်ပါ ... ကိုယ့်အသက် ဒီအရွယ်ကျမှ ဒေါ်ကြီးက ကိုယ့်ကိုယ်ကိုယ် ဘာပူ

စရာလိုလို့ လဲ ...၊သမီးက ချောချောလှလှ မိန်းမပျိုလေး ...ပြီးတော့ တောကလူမြို့ရောက်လာရင် သိသာသလိုပေါ့ ... မြို့သူမြို့သားရဲ့ ဟန်ပန် ... အသွေးအမွေးဆိုတာ ဘယ်မှာ နေနေ သိသာတာပဲ ... သမီး အခု တောမှာ နေလိုက်လို့ တောသူပုံစံ ချက်ချင်းဖြစ်သွားမယ်ထင်လို့ လား...”

နှင်းဆီက ဘာမှ မပြောဘဲ နားထောင်နေသည် ။

“ဒေါ်ကြီး ဒီနေရာလေးကို ရွေးတာကလေ ... တောမဆန်သလို မြို့လည်း မကျဘူး ... နေထိုင်ကောင်းမယ် ... နေရာလေးပါ ... မြို့ပေါ်က ဆင်းလာရင် အိမ်ခြေတွေ ရှိတယ် ..ဒီတစ်ဖက်မှာ ကျတော့ စိုက်ခင်းတွေနဲ့ အိမ်ခြေကျဲကျဲ ..ဘယ်လောက် အေးချမ်းသလဲ ...”

“ဒါပေမဲ့ အိမ်မှုဗာဟီရလုပ်ဖို့ အတွက် လူတစ်ယောက်လောက်တော့ ခေါ်ပါ ... အိမ်မှုကိစ္စတွေနဲ့ အနှင်းအတွက် အားလုံး ဒေါ်ဒေါ်သဲ တစ်ယောက်တည်းဘယ်လိုလုပ်မလဲ ...”

“မလိုပါဘူးသမီးရယ် ... ဒီ့ထက် အဆပေါင်းများ စွာကြီးကျယ် ခမ်းနားတဲ့ ခြံကြီးတိုက်ကြီးထဲမှာ ဒေါ်ကြီးနိုင်နိုင်နင်းနင်း လုပ်လာခဲ့တာပါ ... ၊ ခုလို အလုပ်မျိုးလောက်က ကျန်းမာရေးအတွက် ကိုယ်လက်လှုပ်ရှားတာလောက်ပဲ ရှိတယ် ...သမီးသာ စိတ်ချမ်းသာတတ်အောင် ကိုယ့်ကိုယ်ကိုယ် ကြိုးစား ...”

နှင်းဆီရဲ့ လက်မောင်းလေးကို တယုတယ ဆုပ်ကိုင်လိုက်ပြီး ဆံစလေးတွေကိုပွတ်သပ်ပေးမိကာ ...

“ပြန်မရနိုင်တာတွေကို ဘာမှ ခေါင်းထဲ မထည့်နဲ့ နော် ... မမကြီး နဲ့ အဆက်အသွယ် မပြတ်အောင် ကြိုးစားမယ် ... သမီးမသိစေချင်တာ ဘာမှ ပေးမသိဘူး ... သမီးဖြစ်ချင်တာတွေ အားလုံးဖြစ်ရအောင်သာ ဒေါ်ကြီး ကြိုးစားပေးမှာ ...သမီး မှတ်ထားနော် ...”

စိတ်ချမ်းသာတတ်အောင်နေပါဆိုမှ ငိုချင်လာသည် ။ ပြန်မတွေးပါနဲ့ဆိုမှ မေမေနဲ့ ဦးထက်ခိုင်ရဲ့ ရုပ်ပုံလွှာတွေကိုပြန်မြင်မိခဲ့၏။

ဒီလူကြီးကို လက်ထပ်လိုက်ပြီဆိုကတည်းက မေမေနဲ့ နှင်းဆီရဲ့ ဆက်ဆံရေးက ရေခဲရိုက်သွားသည့် မှန်သားပြင်ကို ကြည်သာကြည်နေပေမဲ့ ပုံရိပ် မထင်တော့ဘဲ ရှိခဲ့၏။ ပြီးတော့ ဘယ်ဘဝက ပါလာခဲ့ သည့်အမုန်းနဲ့ ဆုံစေသော ရေစက်တွေလဲ ...၊

ဦးထက်ခိုင်နဲ့ သူမ မျက်နှာချင်းဆိုင်မိပြီဆိုတည်းက ချစ်ခင်ရင်းနှီးစေခြင်းကိုမဖြစ်ခဲ့ဘဲ မနှစ်မြို့ မလိုလားခြင်းတွေနဲ့ သာ စတင်ခဲ့၏။

"မင့်သမီးက မလောက်လေး မလောက်စားပါ နှင်းရယ် ..နေရာတကာ တိုးတိုးဖော်လို ရှေ့တန်းတင်ပြီး မေးမြန်း ဆွေးနွေးနေစရာမလိုပါဘူး ..."

"သားသမီးဆိုတာ ရှေ့တန်းတင်မှန်းသိရင် ပိုကဲလာကြတာပဲ ... မင့်သမီးကို မင်းပုံစံနည်းနည်းလေး ပြောင်းကိုင်ကြည့်လိုက် ..."

မေမေ့ကိုကွယ်ရာမှာ ပြောနေသလိုလိုနှင့်ဒီစကားတွေ ပြောတဲ့ အခါတိုင်း သူမ ကြားနေခဲ့ရတာက ကိုယ်လည်း တမင် လိုက်ချောင်းနေရတာ မဟုတ်ဘဲ တိုက်ဆိုင်တယ်ဆိုတာ ဖြစ်နိုင်ပ့ါမလား ...။

ဒီလူကြီးကိုယ်က ကိုယ့်ကို ရန်စနေတာ ဖြစ်သည် ။ အိမ်မှာ ပါတီတွေ ခဏခဏလုပ်၍ နှင်းဆီနှင့် ရွယ်တူချာတိတ်လေးတွေ ပါအောင်ခေါ်သည် ။ကကြဆိုကြနှင့် ဗရုတ်ကျပြီဆို ချာတိတ်တွေနှင့်နှင်းဆီ ပြဿနာ တက်ရပြီ ...၊

"မြတ်တို့ က မိန်းမသားတွေချည်းပဲကိုခိုင် ... ပါတီလုပ်တာက လုပ်ပေ့ါ ..ဒီလောက်အပျော်လွန်ကြတာ မကောင်းပါဘူး .."

"ခုကိုယ်ရှိနေပြီဆိုတော့ မိန်းမသားတွေချည်းပဲမှ မဟုတ်တော့ဘဲကွ .. ယောက်ျားဆိုတာ ယောက်ျားလို နေတာပဲ ... အလုပ်တွေ ဖိစီးပြီး ဒီလောက် မွန်းကျပ်နေရတာပျော်စရာရှာပြီဆို ပျော်ဖို့ လုပ်ရမှာ ပဲ ..."

မေမေ ဘာပြောပြော သူ့မှာ ဆင်ခြေ အမြဲရှိသည် ။ ပိုဆိုးတာက မေမေ့ကို "နှင်း"လို့ ခေါ်ပြီဆို ပီပြင်အောင်မခေါ်ဘဲ "အနှင်း"ခေါ်သလို လို ... "နှင်း"ခေါ်သလိုလို ..၊

"မဟုတ်ပါဘူး သမီးရယ် ... သူအစကတည်းက မေမေ့ကို နှင်းလို့ ခေါ်တာပါ ..."

"နှင်းလို့ ခေါ်တာနဲ့ ...အနှင်းလို့ ခေါ်တာ ဆင်တူပေမဲ့ တကယ်ကွဲပြားအောင် ခေါ်လို့ ရတယ် ... မေမေပြီးတော့ မေမေက ကိုယ့်ကိုယ်ကိုယ်မြတ်လို့ ပြောတတ်တာ ... သူက ဘာဖြစ်လို့ မြတ်လို့ မခေါ်တာလဲ ..."

မေမေက သမီးနဲ့ ခင်ပွန်းဖြစ်သူကြားမှာ ပြေလည်ဖို့ ကြိုးစားပေမဲ့ ရပုံမပေါ်ဘဲ ဦးထက်ခိုင်ရဲ့ စိန်ခေါ်သံကြီးကပဲ ဟိန်းထွက်လာခဲ့၏။

"အဲဒါမင်းတို့ သားအမိ နာမည်တူတွေ ထည့်ထားတဲ့ ပြဿနာပဲ ကွ . .. ငါနဲ့ ဘာဆိုင်လို့ လဲ"

"ဟုတ်မှာ ပေ့ါ ... သူ့ကိုခေါ်တော့ အနှင်းလို့ ခေါ်ရတယ် .. မင်းကိုကျတော့ နှင်းလို့ ခေါ်ရတယ် ..အဲဒီတော့ မင်းကို အနှင်းလို့ ယောင်ခေါ်ချင်မိချင် မိမှာ ပေ့ါ..."

လို့ ပြောင်ပြောင်ပြောပြီး စိန်ခေါ်နေသေးသည် ။ ဒါတွေကို ဘယ်လိုပြေလည်အောင် ဖြေရှင်းနိုင်မှာ လဲ ... ၊ဦးထက်ခိုင် ကရုပ်ရည်ရှိသေးသည် ။။ အရွယ်တင် နုပျို၍ နဂိုကတည်းက ငွေကြေးပြည့်စုံသူမို့ စ

ကားပြောတာက ကောင်းကင်မှာ လွင့်နေ၏။

သူလည်း မုဆိုးဖိုပဲ ဖြစ်ပေမဲ့ သူ့မှာ ကလေး မရှိပေ ...။ထို့ပြင် မိန်းမ ကိစ္စမှာ ရှုပ်ထွေးတာလည်း နာမည်ကျော်သူဖြစ်သည် ။ မေမေ ဘာတွေ စွဲလမ်းပြီး လက်ထပ်ဖို့ ထိ ဆုံးဖြတ်ခဲ့သလဲ ဆိုတာကတော့ ...၊

“မေမေတို့ က ရည်းစားဟောင်းတွေ ...”ဟု ဆိုခဲ့၏။

ဒါကိုတစ်ခုလပ် အိမ်ထောင်ကွဲတွေ ဖြစ်ပြီဆိုတာနှင့်ရည်းစားဟောင်းတွေကို ပြန်ရှာပြီး လက်ထပ်ယူကြကာ အပြစ်မရှိဘူးတဲ့ လား ...။

တစ်ခုလပ် မုဆိုးဖို မုဆိုးမတိုင်း ရည်းစားဟောင်းတွေနဲ့ ပြန်ဆုံပြီး လက်ထပ်နေကြတာ တင့်တယ်သလား ...၊

စိတ်အာရုံနှင့်ပုံရိပ်တွေနဲ့ ရှုပ်ထွေးသော မေးခွန်းများက အဖြေမရှိဘဲ အဆုံးအစမဲ့ ဖြစ်ထွန်းလာခဲ့၏။

ဒါပေမဲ့ မြင်လွှာတွေ ပျက်စီးနေကာမှ တော့ ဒီလူ့မျက်နှာကို ဘယ်လို အကြောင်းနဲ့ မှ ကြည့်ရဖို့ မရှိတော့ပါ ...။

ကိုယ့်ဘဝအတွက် အလင်းရောင်လိုပေမဲ့ ဒီလူကြီးကိုမမြင်ရ ရေးအ တွက်ကတော့ သူမ ကန်းနေတာပဲ ကောင်းပါသည် ။

*

## အခန်း (၃)

"မြန်မာနိုင်ငံတစ်ခွင်ပြုပြစင်အောင် ခြေဆန့်နေတာ မနှံ့သေးဘူး ထ င်ရင်တော့ အထက်စကြာဝဠာ ...အောက်မှာ အဝီစိ ...ဘယ်ကို အရင်သွားချင်သေးသလဲ ပြော ..."

"စကြာဝဠာ ဖြစ်ဖြစ် ... အဝီစိဖြစ်ဖြစ် ... အရှင်လတ်လတ် ပို့ပေးမဲ့ ခ ရီးသွားအာမခံတွေမှ မရှိသေးတာ"

"သြော် ...သြော်"

"ခွန်ဖိုင်း ..."

"ပြောလေ ..."

ထမင်းဝိုင်းမှာ မိသားစုတွေ စုံနေကြသည် ။စုံစုံညီညီ ပြောနေကြ တာလည်း သူ့ရဲ့ ကောင်းသတင်းလေးတွေပဲ ဖြစ်၏။ ဒါပေမဲ့ ခွန်ဖိုင်း မျ က်နှာက တစ်စက်လေးမှ မညှိုး...၊

"အပြင်မှာ သွားလာနေတာလည်း မပြောနဲ့ ... ပြန်လာတဲ့ အချိန် တို င်းမှာ လည်း အဆူချည်းပဲ ခံနေရတာ ...."

"ဟော့ ... ဆူနေမှန်းသိလို့ ရိုကျိုး နာခံနေတဲ့ ပုံလေး နည်းနည်းလေးပဲ ဖမ်း ... မင်းကိုဆုချဦးမယ်"

"ကျွန်တော်က အဖေ့ကို ပြန်ခံပြောနေလို့ လား"

“ဘာလဲ … အခွန်းတိုင်း ခံပတ်နေတာ လိမ္မာပါတယ်ပေါ့ …”

“အဲလိုလည်း မပြောပါဘူး ….”

“ကဲ …ကဲ … ထမင်းစားကြပါဦး … နားငြီးလိုက်တာ …”

ဒေါ်မြတ်ညွန့်က သားနှစ်ယောက်နဲ့ သမီးငယ်ကို ဟင်းတွေ လှမ်းထည့်ပေးနေကာ …

“ကဲ … ဖအေကလည်း … ရှင်ဒီသားကိုပဲ မျှော်နေပြီးတော့ …”

“ဟုတ်လား … အဖေက ကျွန်တော့်ကိုလား …”

“အေး …မင်းကို ဘယ်နေ့ အိမ်ပေါ်က ကန်ချရတော့မလဲလို့ ထိုင်မျှော်နေတာ …”

“ကန်ချချင်တာများ ရက်ရာဇာ ပြဿဒါး ရွေးနေသေးတယ် အဖေရာ ….”

“ဟိတ်ကောင် …”

အကြီးဆုံးဖြစ်သည့် ခွန်မင်းထွန်းက ထမင်းစားရင်း ခက်ထန်သည့် လေသံနှင့် ဟန့်တားကာ …

“မိဘရဲ့ စကားကို မင်းက ဘာလဲကွ …”

“မိဘရဲ့ စကားက ဘာမှ မဖြစ်ဘူး …ကိုမင်းသာ နောက်ထပ် ကျွန်တော့်ကို ခွေးမောင်းတဲ့ အသံနဲ့ ထပ်မပြောဖို့ စဉ်းစား …”

“ဘာကွ ..!”

“ဟဲ့ …ဩော် … ထမင်းစားနေကြရင်းနဲ့ ..တိတ်ကြစမ်း …”

“ဖြစ်ပေ့စေ … ထမင်းစား မပျက်ချင်ရင် မြန်မြန်စားပြီး မြန်မြန် ထရုံ

ပဲ ...”

အလတ်မဖြစ်သည့် ဟေမာက ထမင်းနှစ်လုတ် ပါးစပ်ထဲ မြန်မြန်ထည့်ပြီး ပန်းကန်ပါ “မ”၏ ဝိုင်းထဲက ထထွက်သွားသည်။

ဦးထွန်းငွေနဲ့ ဒေါ်မြတ်ညွန့်ရယ် ... ခွန်ဇိုင်းရယ်က ဆက်လက်၍ ...

“မင်း မမိုက်ရိုင်းနဲ့ ခွန်ဇိုင်း ...”

“ကိုမင်းက က စရိုင်းတာလေ ... ကျွန်တော့်ကို “ဟိတ်ကောင်”လို့ ဘယ်တော့မှ မခေါ်နဲ့ ...”

“ခေါ်တော့ ဘာဖြစ်လဲကွာ ...”

“ခေါ်တော့ ခုလိုဖြစ်ရတာပေါ့”

“ဟဲ့ ... တော်ကြတော့ ...”

ဒေါ်မြတ်ညွန့်က ဘယ်သားကိုမှ “တိခနဲ” တိတ်ကျသွားအောင် မထိန်းနိုင် ...၊

ဒါက သူမရဲ့ ဟိုတုန်းကတည်းက လွန်စွာ သဘောကောင်းနူးညံ့ တတ်သောအကျင့်ပဲ ဖြစ်သည်။ သူမကျမှ တည်ကြည်ပြတ်သားလွန်းသည့် ဦးထွန်းငွေနဲ့ ဖူးစာဆုံခဲ့သည်။

သားနဲ့ သမီးကလည်း သူ့အဖေလို စိတ်ဓာတ် မာကျောပြီးပြတ်သားကြသူတွေပါ ... အငယ်ဆုံးဖြစ်သည့် ခွန်ဇိုင်းက တော့ ...

“ခွန်ဇိုင်း”

“ပြော ... ထမင်း လုံးဝမစားရသေးဘဲ နားထောင်မလို့ စောင့်နေတာ ...”

အငယ်ပီပီ ဤသို့ကျိုးနွံခဲ့တာဖြစ်သည် ။ အကြီးဖြစ်သူတွေက လည်း ဘယ်တုန်းကမှ နူးညံ့ညင်သာခဲ့ခြင်း မရှိသည့်အလျှောက် ...

"အေး ... ငါလည်း ငါဘာပြောမယ်ဆိုတာ သိနေမှာ ပါ ... ငါက ..."

"မသိဘူး ... မသိလို့ နားထောင်ဖို့ စောင့်နေတာပေါ့.. အပိုတွေလုပ်တာ မကြိုက်တဲ့ သူချင်း ..ကျွန်တော်က ကိုမင်း ထက်တောင်ပိုသေးတယ် ..."

"ဘာကွ!.."

"တိတ်ကြစမ်း ... ဟေ့ ..."

"အဖေ့ကောင်ကိုအဖေ တိတ်ခိုင်းလေ ..အငယ်ဆုံးဖြစ်နေပြီးပြန်ခံပြောတာတွေ..မိဘကိုတောင် ချန်မထားဘူး ..."

"မိဘကို ကျွန်တော် ဘာပြောနေလို့ လဲ ..."

"ခုပဲ မင်းပြောနေတာ ..."

ခွန်မင်းထွန်းက ထမင်းစားနေသည့်လက်ကို ခါပစ်ပြီး ရေဇလုံထဲမှာ နှစ်ဆေးလိုက်သည် ။ပြီးမှ ...

"သင်းက သွေးစကားပြောနေတာ ... မိဘကို ပြန်ခံပြောတာက ဝမ်းနဲ့ မလွယ် သားမမည် ဆိုတာမျိုး ..."

"အကြီးကောင် တော်စမ်း ..."

"အမေ အဲဒါပဲ ... ဒီကောင့်ကိုထိရင် အမေပါလာတာပဲ ...."

"ကဲ ...တော်ကြပါတော့ ... ထမင်းဝိုင်းမှာ မိသားစုစုံစုံ စားရမလား မှတ်ပါတယ် ... လူစုံတာနဲ့ ပြဿနာ ရှင်းရတော့တာပဲ ...."

“ဟုတ်တယ် ..အဲဒါ အမေ့သားပဲလေ ..အမေ မွေးစားခဲ့တဲ့ သား ..”

“ကိုမင်း … မင်းတော် နော် …”

“အံမာ … ဟုတ်တာပြောတော့ နာသလား … ဒီမိသားစုမှာ မင်းပဲ စုန်းပြူးတစ်ကောင် ပါလာတာ … ငါတို့ မင်းလို မဆိုးဘူး … မင်းလို မိဘကို မစော်ကားဘူး …”

“စော်ကားတယ်ဆိုရအောင် ကျွန်တော် ဘာတွေ လုပ်ခဲ့မိသလဲ … အဲဒါကိုပြောစမ်းပါ …”

“တစ်သက်လုံးက ထင်သလိုနေ … ထင်ရာ လုပ်လာခဲ့တာပဲ …”

“တောက် !…”

“အံမာ ..ဟိတ်ကောင် …”

“ဒုန်း …”

တက်ခေါက်ပြီး ခွန်ဇိုင်း ထွက်သွားသဖြင့် ခွန်မင်းထွန်း ဒေါသတကြီး လိုက်ဖို့ ပြင်သည် ။

ကုလားထိုင်ကို ခြေထောက်နဲ့ ချိတ်မိကာ ခုံရွေ့သွားသလို လူပါ ယိမ်းယိုင် ကျန်ရစ်၏။

“ပြန်ထိုင်စမ်း အကြီးကောင် …”

“ငါ သေချင်ပါတယ်နော် … ကိုထွန်းငွေရယ် … ရှင့်သားတွေကို ပြောစမ်းပါဦး”

ဒေါ်မြတ်ညွန့် ထမင်းစားနေသည့်လက်ကို ပန်းကန်နှုတ်ခမ်းမှာ ဖေးတင်ထားရင်း ငိုချတော့မတတ် ညည်းလေသည် ။ ခွန်မင်းထွန်းက ပြန်ထိုင်လိုက်ပေမဲ့ အံတကြိတ်ကြိတ် …

ထို ထမင်းဝိုင်းက တိတ်ဆိတ်စွာ ပြီးဆုံးသွားခဲ့ပြီးညည့်ခန်းမှာ ပြန်ထိုင်မိကာမှ ...

"ငါတို့ မှာ စီးပွားရေးလည်း သူ့ဟာနဲ့ သူ လည်ပတ်နေတာ ... ဘာမှပြောစရာမရှိဘူး ... မင်းထွန်းလည်း လေဆိပ်မှာ သူ့အလုပ်နဲ့ သူ နေတာ တစ်ပတ်မှ တစ်ခါပဲ ပြန်လာတယ် ... အလတ်မလည်း မကြာခင် သူ့တာဝန်နဲ့ မန္တလေး ပြောင်းရတော့မယ် ..."

"အဲဒီတော့ ... ဖိုင်းကိုပဲ ရှင်ပြောချင်တာမို့လား ကိုထွန်းငွေ ..."

"မင်းကလည်း ကြိုတင်ကာကွယ်ဖို့ ပြင်ဆင်ထားတာပဲ ..."

"မျက်နှာငယ်တဲ့ ကလေးပါရှင် ... ရှင်တို့ ဘာပြောပြော သူ့ဘက်မှာ ခံရတာ မသက်သာရှာပါဘူး ..."

"အဲဒီလိုနဲ့ ဒီအရွယ်ထိ မင်းပဲ ဖေဗာပေးလာခဲ့တာလေ.. အားလုံးက မျက်နှာငယ်ရှာတယ်ဆိုပြီး သနားကြင်နာဖို့ ကြိုးစားခဲ့ကြတယ် ...သူက မျက်နှာငယ် ကြေကွဲနေတဲ့ လူနဲ့ ဘယ်နေရာမှာ တူသလဲ ..."

"ကြေကွဲ နေခဲ့တုန်းကရော ရှင်တို့ ဘာပြောခဲ့ကြသလဲ ..ပြန်စဉ်းစားပါဦး ကိုထွန်းငွေရယ် .."

"သြော် ..ရှင်တို့ ဆိုတော့ ...အမေ့စကားက ကျွန်တော်တို့ မောင်နှမ ပါပါ လာပြီပေါ့ ..."

"ဟုတ်တယ်ကိုမင်းရေ ..အမေက သူ့သားအတွက်ဆို ဒီတိုင်းပဲ ..မသိဘူးလား"

စာရင်းစာအုပ်နှင့် ထွက်လာသည့် ဟေမာက လူမရောက်သေးဘဲ ထောက်ခံချက်ကို အရင်ပို့နှင့်ကာ ...

“အားလုံးက မကောင်းဘူး ... သူ့သားပဲ ကောင်းတာ ...”

“မဟုတ်ပါဘူးအေ ...”

ဒေါ်မြတ်ညွန့် သားသမီးတွေနဲ့ ခင်ပွန်းဖြစ်သူကို မျက်နှာတွေလိုက်ကြည့်ရင်း ဘယ်သူ့ကို ဘယ်လိုရှင်းပြရမှန်းလည်း မသိတော့ပေ ...။

သူမတို့ မိသားစုက အကုန်လုံးတော့ တောင်ကြီးဇာတိ မဟုတ်ကြပေ ...။ ပြင်ဦးလွင်ကနေ ပြောင်းလာခဲ့ကြပြီး သားနဲ့ သမီးကိုတော့ တောင်ကြီးမှာ မွေးတာဖြစ်သည် ။

ဖိုင်းကို မွေးစား ဖြစ်ခဲ့တာကိုတော့ မြို့ပေါ်က ခြံကျယ်ကြီး မရောင်းမီကတည်းကပါ။ ကိုယ့်ရဲ့ ခြံဘေးမှာ ဟိုတယ်လ်ကြီး ရှိသည် ။

ဖိုင်းကို ဟိုတယ်လ်၏ အပေါ်ထပ် အခန်းတစ်ခန်းထဲမှာ ဧည့်သည်တွေထဲက ဘယ်သူ စွန့်ပစ်ထားခဲ့မှန်း မသိလိုက်ဘဲ ကျန်ရစ်ခဲ့သည့် ကလေးအဖြစ် သူမတို့ ကြားခဲ့ရတာ ဖြစ်၏။

“ဟိုဘက်က ဟိုတယ်လ်မှာ ကလေးလေး ဘယ်သူ ထားခဲ့မှန်း မသိဘူးတဲ့ ... ကိုထွန်းငွေရယ် ... ဆယ်လလောက်ပဲ ရှိဦးမှာ ... ဖြူဖြူထွားထွား ယောကျ်ားလေး သိလား...”

“ဧည့်သည် မှတ်ပုံတင်တွေ သူတို့ ယူထားတာပဲကွာ ... ဘယ်အခန်းမှာ ဘယ်သူတည်းခဲ့တာ သူတို့ သိတာပဲ ...”

“အဲဒါက ဟုတ်တယ်လေ ... ဒါပေမဲ့ ခြံအရောင်းအဝယ်ကိစ္စရှိလို့ မှတ်ပုံတင် ခဏပြန်ပေးပါဆိုပြီး တောင်းသွားတာတဲ့ ... အဲဒါ ပြန်မလာတော့ဘဲ ကလေးကျန်ခဲ့မှန်းလည်း သူတို့ က နောက်မှ သိကြတာ ... လူတွေကိုသိပေမဲ့ နာမည်တွေ ... လိပ်စာတွေ ဘာမှ မသိလိုက်ဘူးတဲ့ ....”

"မဟုတ်တာကွာ ..."

"ဟုတ်တယ် ... ကိုထွန်းငွေရဲ့ ... အဲဒီဟိုတယ်လ်က မှတ်ပုံတင်နဲ့ အခန်းနံပါတ် တွဲသိမ်းလိုက်တာလေ ... ကလေးပါမှန်းတောင် မသိလိုက်သလိုလို ပြောနေကြတာ ..."

ကလေးကိုပြေးကြည့်ပြီး သတင်းအစုံအလင်ကိုပါ သိခဲ့တာမို့ ကလေးကိုလိုချင်နေသည့် ဒေါ်မြတ်ညွန့်က ရူးနေတော့သည် ။

"မင်းကွာ ... ကိုယ့်မှာ လည်း သားသမီး မရှိတာ မဟုတ်ဘူး ... ဘာလုပ်မှာ လဲ ..ဘယ်ကမှန်းမသိ ... ဘာမှန်းမသိ ..."

"ကလေးက ဆံပင်ကြိုးလေးနဲ့ လက်စွပ်လေးနဲ့ ဖွေးဖွေးသန့်သန့်လေးပါ ကိုထွန်းငွေ ရယ် ... မိဘက ပစ်သွားတာမဟုတ်ဘဲ ဒုက္ခတစ်ခုခု တွေ့သွားလို့ ပြန်မလာနိုင်တော့တာလည်း ဖြစ်နိုင်တာပဲ ... မိဘတွေက ရှမ်းတွေလို့ လည်း ကြားတယ် ..."

ကလေးရဲ့ ကောင်းခြင်းအဖြာဖြာကို တစ်ဖွဲ့တစ်နွဲ့ပြောပြီး ဟိုတယ်လ်က တာဝန်မယူချင်သည့်ကလေးကို ဒေါ်မြတ်ညွန့်က မွေးစားခွင့်ရအောင် ကြိုးစားသည် ။

"မင်းနှယ်ကွာ ..."

ဦးထွန်းငွေက ထိုစဉ်ကတည်းက မတားဆီးခဲ့ပေမဲ့ သဘောတူ ကျေနပ်ခဲ့တာတော့ မဟုတ် ..၊ ခက်နေတာက ဘယ်ဘဝက ပဋ္ဌာန်းဆက်ရှိခဲမှန်း မသိသော ကလေးကို ဒေါ်မြတ်ညွန့်က မြင်မြင်ချင်း လိုချင်ခဲ့၏။

ဒီကလေးကိုပဲ မွေးစားဖို့ ဆုံးဖြတ်၍ ဖြစ်အောင်လည်း လုပ်ခဲ့သည် ။

"ကျွန်မတို့ ကလေးတွေက ကြီးပြင်းလာရင် ရွက်ကြမ်းရေကျို လောက်ပဲ ထင်တယ်နော် ... အငယ်လေးက ဖြူဖြူထွားထွားကြီးရယ် ...

ခြေတံလက်တံကြီးတွေကိုကြည့်ပါဦး ... အရပ်အမောင်းကောင်းကောင်း နဲ့ တော်တော်ချောမယ့်ပုံ ...”

“အေးပါ ကိုယ့်သားသမီးတွေကို ထားပြီး သူများကလေးကို အထင်တကြီး တပိုက်ပိုက်ဖြစ်နေတာ မင်းလိုအမေမျိုး ငါ မတွေ့ဖူးဘူး ...”

“တပိုက်ပိုက် ဖြစ်နေတာက ကိုယ့်ကလေးတွေက လက်လွှတ်လို့ရပြီလေ ... ဒါလေးကမှ လသားလေးဥစ္စာ ...ပြီးတော့ အထင်ကြီးလို့ပြောနေတာ မဟုတ်ပါဘူး ... ကိုယ့်မွေးစားခဲ့တဲ့ ကလေးက မျိုးရိုးအဆင့် အတန်း မနိမ့်ကျဘူးဆိုတာကြည့်ပြီး ပီတိဖြစ်တာပါ ..နောင်ရေး စိတ်အေးရတာပေ့ါ ...”

ဒေါ်မြတ်ညွန့် ကလေးကို ဘယ်လောက်ထိ မက်မော်နေလဲဆိုလျှင်မကောင်းတတ်လို့ အဲဒီခြံကြီးမှာ နေခဲ့တာ နောက်ထပ် တစ်လပဲဖြစ်ကာ ခြံရောင်းမည့်ကြော်ငြာ လွှင့်ခဲ့ပြီးတာနှင့် ဒီနေရာကို ပြောင်းရွှေ့ လာခဲ့တော့သည် ။

“မင်းပဲတောင်ကြီးမှာ နေချင်လှချေရဲ့ ဆို ... ဘယ့်နှယ် မြို့ပေါ် ကနေ ကျင်းထဲ ဆင်းပြောင်းရတာလဲ ...”

“ကျင်း ... မဟုတ်ပါဘူးကိုထွန်းငွေရယ် ... ဒီမှာ က နေရာပိုကျယ်တယ် ... မြို့ပေါ်က ခြံကျယ်ကြီးထဲမှာ ဘာမှ လုပ်မရပေမဲ့ ဒီမှာ စီးပွားရှာလို့ လည်း ရတယ် ...”

ကိုထွန်းငွေက ဘာတွေပဲပြောချင်နေနေ ဒေါ်မြတ်ညွန့်ကိုတော့အလိုလိုက်ခဲ့တာပင် ..။ဒါပေမဲ့ ခွန်ဇိုင်း ဆိုသည့်နာမည်နှင့် ဒီကောင်လေးကို အားလုံးက မလိုလားကြသောတည်တည်တံ့တံ့ ဆက်ဆံရေးတို့ ဖြင့် အမြဲတမ်း ...။

"ပြောရင် ငါတို့ က မင့်သားကို နှိမ်တယ် ... ဖယ်ကြဉ်ကြတယ် ...ဒါပဲ ...မင့်သားက မိသားစုနဲ့ ကွဲပြီး တစ်စရိုက် တစ်ဘာသာဖြစ်နေတာကျ တော့ မင်းဘယ်နှစ်ခါ ခွဲခြားကြည့်ဖူးသလဲ ..."

ဦးထွန်းငွေက ဇနီးဖြစ်သူ မျက်နှာငယ်စွာ ငြိမ်ကျသွားတော့လည်း လေသံ မသိမသာ ပြောင်းလဲသွားခဲ့ပြီး ဒေါသလိုလို ...ရှင်းပြနေတာလို လိုနှင့် ...

"ကျောင်းထားတယ် ... ဆယ်တန်းကိုနှစ်ခါကျတယ် ... တက္ကသိုလ် တက်တယ် ..ပထမနှစ်ကို နှစ်နှစ်ဖြေမှ အောင်တယ် ..."

"ကိုထွန်းငွေရယ် ... အကြီးတွေလို စာမတော်တာနဲ့ ပဲ ..."

"ဘယ်ဟုတ်ဦးမလဲ ... ဒါပေမဲ့ မင့်သား အဲဒါတွေမှာ လည်း ရိုးသားစွာကျရှုံးခဲ့ရတယ် မှတ်နေသလား ... လူကြီးမိဘတွေ ဆူတာပြောတာကိုတမင်ရွဲ့တာ ... အရွဲ့တိုက်ပြီး ကိုယ့်တန်ဖိုးကို ကျ အောင်လုပ်တာ ...."

"အငယ်ကောင်က စာကိုဂရုမစိုက်တတ်တဲ့ အကျင့်..."

"ဂရုမစိုက်တတ်တဲ့ အကျင့် မဟုတ်ဘူး ... တမင်တကာ ဂရုမစိုက် ဘဲ နေတာ .."

"မဟုတ်တာ ကိုထွန်းငွေရယ် ..."

"သိပ်ဟုတ်တာပေါ့ ... အဲဒါတွေကိုငါပြောပြနေတော့ ငါကပဲ အပြစ် လိုက်ကြည့်နေတာလိုလို ...."

ကိုထွန်းငွေက သက်သေတွေ သာဓကတွေနဲ့ ပြောလို့ မပြီးနိုင် ...၊ ဇိုင်းရဲ့ ပုံစံကလည်း ပြောရလောက်အောင် ရိုင်းပျသွားခဲ့တာမို့ ဒေါ်မြတ် ညွန့် မဟုတ်ဘူး ... "မဟုတ်နိုင်ပါဘူး ..."ဆိုတာကလွဲပြီး ဘာမှ လည်း ရှ

င်းမပြနိုင်ပေ ...။

တကယ်တမ်း ပြောရမယ်ဆို ဒါကလည်း "မွေးစားသား"ဆိုတဲ့ အဖြစ်ကို တမင် ခွဲခြား သိထားစေခဲ့သည့် အကြောင်းရင်းကြောင့်ပဲ မဟုတ်ဘူး လား ...၊

ဟိုတုန်းကတည်းက ဒါကို ဒေါ်မြတ်ညွန့် အပြင်းအထန် တောင်းဆိုခဲ့ဖူးပါသည် ။ ဦးထွန်းငွေက သဘောမတူ ...၊

"ကိုယ့်ကလေးတွေနဲ့ ဘယ်လိုပဲ အတူတူ မွေးထားထား ... ပတ်ဝန်းကျင်က သိပြီးသား ငါတို့ အဲဒီလူတွေ ပါးစပ်ကို ဘယ်လိုမှ လိုက်ပိတ်နိုင်မှာ လဲ ... အေး ... ပတ်ဝန်းကျင်ပြောလို့ သိလာတာကမှ ညာရက်တယ်" တို့ ... လိမ်ရက်တယ်လို့ ထဖြစ်ပြီး စေတနာကို ကျကျနန ကြီးစော်ကားထွက်သွားမှာ ..."

"ကလေးတွေချင်းသွေးကွဲမှာ စိုးလို့ ပါရှင် ... ဘာပဲဖြစ်ဖြစ် ခုပဲကြည့်ပါဦး ... ကလေးတွေဆိုတော့ သနားရမှန်း မသိ ... ညှာတာရမှန်းမသိ ... "

အဲဒီတုန်းက လင်မယား ဒီအကြောင်းပြောနေတုန်းမှာ ပဲကလေးတွေ ကစားနေရင်း ရန်ထဖြစ်ကြတာ ... ကိုယ့်အနားလေးမှာ ပဲဖြစ်သည် ။

"အံမာ ... မင်းက မွေးစားသား ..."

" မဟုတ်ဘူး ... အမေက မဟုတ်ဘူး လို့ ပြောတယ် ..."

"ဟား ...ဟား ... ဟေ့မာ ကိုမေးကြည့်ပါလား ... မင်းကိုမွေးစားသားမို့ အဖေက ငါတို့ လောက် မချစ်တာပေါ့ ... မုန့်ဖိုးဆိုလည်း ငါတို့ က ပိုရတယ် ..."

“ဟုတ်တယ် ...မနေ့က ငါတို့ ဒုံးပွဲသွားကြည့်တာလည်း နင့်ကို မခေါ်ဘူးလေ .... ငါတို့ ရယ် ..အဖေရယ် ..အမေရယ် ...”

“ မဟုတ်ဘူး ... ငါအိပ်နေလို့ ...”

“ဟား ...ဟား ...ဟား ... နင်အိပ်မှ တမင်သွားတာကိုး အရူး ...”

“ဟီး ...ဟီး ... ဟီး ... မွေးစားသား”

“မွေးစားသား ...”

“ဟဲ့ ... တော်စမ်း ... အကြီးကောင် စာသွားကျက်တော့ ...”

ငယ်ငယ်လေးတွေတုန်းက ဒေါ်မြတ်ညွန့် အော်ငေါက် ကြိမ်းမောင်းလို့ မီးသေနေကြသေးသည် ။ ဦးထွန်းငွေကတော့ ဒါကို လက်တွေ့ပြပြီး ဖိုင်းအတွက် တောင်းပန်တာလည်း ဂရုမစိုက်ပါ ...။

“သဘာဝကိုက သွေးက စကားပြောတာကွ ... မင်း ဒါကို ပြောင်းလဲချင်လို့ မရဘူး ...”

“သွေးက စကားမပြောလည်း ပြောတတ်အောင် လူတွေက သင်ပေးနေကြတာပါ ...ခုပဲ ရှင့်သားသမီးတွေ ပြောသွားကြတာ ကြည့်လေ ...”

ထိုစဉ်အခါတုန်းတည်းက ဖိုင်းကို သနားလွန်းလို့ ဒေါ်မြတ်ညွန့် မျက်ရည်လည်ခဲ့ရသည် ။ တစ်ခါတလေ ကွယ်ရာမှာ ကြိတ်ငိုခဲ့ရ၏။

ထို့ပြင်ကလေးကို တခြားလူသာ မွေးစားလိုက်ရင် ဒီလောက်ဆိုးပါ့မလား လို့ တွေးမိကာ ကိုယ့်ကြောင့် ဒီကလေး အဖြစ်ဆိုးရတာ လားလို့ နောင်တရမိတာတွေလည်း ဖြစ်ခဲ့၏။

ခုတော့ မပြေလည်မှုများ စွာနှင့်ပဲ ဒီမိသားစုထဲမှာ ဖိုင်းက လူလားမြောက်ခဲ့ရသည် ။ ဒီလို အပြောအဆိုဖယ်ကြဉ်ခံရခြင်းတွေကြား

ထဲမှာ ဒီကလေး ခုလိုပုံစံ ဖြစ်လာခဲ့တာ ဘယ်သူ့အပြစ်လဲ ...၊

"ပြောရမယ်ဆိုရင်မင်းက မွေးစားခဲ့လို့ ပဲ ... ဒါပေမဲ့ဖြစ်လာသမျှမှာ ဘယ်သူ့ကိုမှ အပြစ်တင်လို့ မရပါဘူး ..."

အတိတ်နဲ့ ပစ္စုပ္ပန်ကြားမှာ လုံးထွေးနေသည့်ဒေါ်မြတ်ညွန့်၏ အာရုံထဲကို ဦးထွန်းငွေရဲ့ မျှတဖို့ ကြိုးစားလိုက်သည့် စကားသံ ထပ်ဝင်လာခဲ့သည် ။

ထို့ကြောင့် ဒေါ်မြတ်ညွန့်ရဲ့ စိတ်တို့ ပစ္စုပ္ပန်ကိုပဲ ရှေ့ရှုလာခဲ့ပြီး ...

"ကျွန်မကလည်း အဲဒါကို ကလေးတွေ သိစေချင်တာပါ"

ပြောပြီး အကြည့်တွေက သားနဲ့ သမီးထံ ရောက်သွား၏။

"မင်းက မွေးစားသားလို့ ပြောရတာ ခုချိန်ထိ အရသာတွေ့နေသေးတယ်ဆိုရင်တောင် မင်းတို့ ကလေးတွေ မဟုတ်ကြတော့ဘူး ..."

ခွန်မင်းထွန်း မျက်နှာလွှဲပြီးမှ မသိမသာ မဲ့နေ၏။ မအေကို ချစ်ကြပေမဲ့ဖိုင်းနဲ့ ပက်သက်ပြီး ဘက်လိုက်ပြောလာခဲ့တိုင်း မကျေနပ်စိတ်တို့ ဝင်နေကြမြဲ..."

"လူတစ်ယောက်ရဲ့ ဂုဏ်သိက္ခာက သူပြောတဲ့ စကားသံတွေထဲ မှာလည်း ရှိတာပဲ ..."

"ရိုင်းပျတာ အပြုအမူတွေရော မပါဘူးလား ... အမေ ... အမေ့သားရဲ့ ဒီဖိုင်းမျိုးပေါ့..."

ဟေမာက စကားထောက်ပြီး ရယ်ကျဲကျဲ လုပ်နေ၏။ မျက်ဝန်းတွေကတော့ မကျေနပ်မှုတွေအပြည့် ....၊

"ပြောကြည့်တာပါ၊ တစ်လောကလုံးမှာ ခွန်ဖိုင်းက လွဲပြီး အားလုံးရို

င်းနေတယ် အမေထင်မှာ စိုးလို့ …”

“မထင်ပါဘူးအေ … ဇိုင်း မယဥ်ကျေးဘူးဆိုတာ ငါသိပါတယ် …”

“တော်သေးတာပေါ့…”ဆိုသည့် အပြုံးနှင့် ဟေမာက မေးဆတ်ညိတ်၏။ ဦးထွန်းငွေကတော့ ဇိုင်း ပက်သက်ပြီး ဒီသားသမီးတွေနဲ့ ဒီအမေ ဘယ်လို အဆင်မပြေမှုတွေနဲ့ ပဲ အငြင်းပွားနေပါစေ ဘယ်သော အခါကမှ ဟန့်တား ဆုံးမခဲ့တာမရှိ …။

သူကိုယ်တိုင်ကလည်း ခွဲခြား ချီးမြှောက်ဖို့ ရှိ လာပြီဆို ပြောင်ပြောင်ပါပဲ …။

“ဒါပေမဲ့ အခုကလေးတွေလည်း မဟုတ်ကြတော့ဘူး …ငါက ငါ မွေးထားတဲ့ သားနဲ့ သမီးကိုတောင် “ဟဲ့ …”လို့ တစ်ခွန်းငေါက် လိုက်တာနဲ့ ငြိမ်သက်သွားအောင် မထိန်းနိုင်တာ ..ဇိုင်းကို ဘယ်လိုထိန်းရမလဲ …”

“ဒါကတော့ သူ့အဆင့်နဲ့ သူ အစတည်းက ငြိမ်ဝပ်နေတတ်အောင် ခွဲခြား ဆုံးမထားရမှာ ကို အမေက လုပ်မှ မလုပ်ခဲ့တဲ့ …”

ဒေါ်မြတ်ညွန့် အကြည့်တွေ ခွန်မင်းထွန်းဆီ ရောက်သွားမိပြန်သည် ။ဒီသားက တစ်မျိုးပါလား …၊

“အရေးပေးထားရင် ခွေးတောင်မှ ပါးလျက် နားလျက် လုပ်သေးတာ … အမေက ဇိုင်း အတွက်ဆို တကယ့်ဒိုင်းပဲ”

ဒိုင်းလို့ ကာကွယ်ပေးထားတာတောင်မှ နောက်ကို ထွင်းဖောက် ပြီး ဒဏ်ရာပေးနိုင်ခဲ့ကြတာ သူတို့ ကိုယ်သူတို့ မသိကြတာလား…

ဒေါ်မြတ်ညွန့် သက်ပြင်းချမိ၏။

“အေးပါ … မင်းတို့ ပဲ စကားတွေ တတ်ပါတယ် … ဒါပေမဲ့ ကိုယ်ရိုင်း

လို့ သူရိုင်းတယဆိုတာလေးတွေ တစ်ထစ်လျှော့ပြီး တွက်ထားပေးကြပါ ... အဲဒါ မင်းတို့ ရဲ့ အသက်အရွယ် ဂုဏ်သိက္ခာတွေအတွက် လည်း ပါပါတယ် ...၊ ပြောရရင် မင်းတို့ နှစ်ယောက်က သူ့ထက် အသက်ကြီးတယ် .. . သူ့ထက် ပိုပြီးတည်ကြည်သင့်တာက မင်းတို့ မှာ ရာထူးရာခံ အဆင့်အတန်းတွေနဲ့ လေ ...”

“စကားလုံးလှလှတွေနဲ့ ထိုးနက်မနေစမ်းပါနဲ့ အမေရာ ... အသက်ပဲ ကြီးကြီး ... ဘာရာထူးကြီးပဲ ရှိနေနေ ဘဝပေါင်းများ စွာ ပြုကျင့်ခဲ့တဲ့ ပါရမီအထူးထူးနဲ့ ဘုရားရှင်တောင်မှ ဝေဿန္တရာမင်းကြီးဘဝမှာ ဒေါသ မထိန်းနိုင်သေးလို့ ဓားထဆွဲခဲ့သေးတယ်”

“ဩော် ... ဒါတွေ ပြောနိုင်ဖို့ တော့ သေချာ လေ့လာထားတာပဲ ...”

“ကျွန်တော်တို့ က တရားမရှိ ... ဘုရား မသိလို့ အမေက ပြောချင်တာလား ...”

“နှစ်ခုစလုံး မရှိနေရင် မင်းတို့ လူဖြစ်ရှုံးပြီပေါ့ ... ငါ အဲဒီလို မပြောပါဘူး ... ဒါပေမဲ့ လူတစ်ယောက်ကို စာနာတတ်ဖို့ အတွက် ပိဋကတ်သုံးပုံ ကျေနေဖို့ မလိုပါဘူး ...”

“ဘာလဲ ... မင်းတို့ သားအမိ ဘယ်တရားက အမှန်ဆုံးလဲ စကားရည် လုကြမလို့ လား ...”

ဦးထွန်းငွေက စိတ်မရှည်စွာ ဝင်ပါလာသည် ။

“ရာထူးရာခံ မရှိတဲ့ လူက မိုက်ရိုင်းခွင့် ရှိနေတယ်ဆိုရင် ဒီလောကမှာ စာမတတ်တဲ့ လူတွေ အများကြီး ရှိသေးတယ် ... အားလုံးပဲ လူမိုက် ... လူရမ်းကားတွေ ဖြစ်နေကြသလား ... မပြောချင်လို့ နေနေတာကွာ ... မင်း အဲဒီကောင်ကို ပစားပေးလွန်းတာတွေ ဆင်ခြင်စမ်းပါ .

.. အထူးသဖြင့် ဒီကောင် အိမ်ကပ်နေတဲ့ အချိန်တွေမှာ ဆင်ခြင် ... ကျား ကို အတောင်တပ်ပေးတာမျိုး မလုပ်မိစေနဲ့ ...”

တစ်ယောက်က ဆုံးမနေရင် တစ်ယောက်က ငြိမ်နေပေးမယ် ဆို တာမျိုး မရှိ ...၊

မိဘနှစ်ပါးက ဒီလို ချိတ်ဆက်မညီ ဖြစ်နေမှ တော့ သားသမီးကို ဘ ယ်လို ဆုံးမ မလဲ ...၊

ဒီစကားပြောပြီး နှစ်ယောက်တည်း ရှိတုန်း ဦးထွန်းငွေ ကို ဆွေးနွေးကြည့်ခဲ့ဖူးသည် ။ သို့သော် ...

“မပြောသင့်တာ ငါ သတိထားတယ် မြတ် ... ဒါပေမဲ့ ဖိုင်း နဲ့ ပတ်သ က်ပြီး ငါ့သားနဲ့ သမီးကို အရှုံးပေးခိုင်းရင်တော့ ငါ လုံးဝ မခံဘူး ... ပြော မှာ ပဲ ...” တဲ့ ...။

ထို့ကြောင့် ဦးထွန်းငွေ ဘယ်လိုစကားတွေနဲ့ ဝင်ပါလာပါစေ ... သား အဖသုံးယောက် ဖြစ်သွားပြီဆို ဒေါ်မြတ်ညွန့် ရှုံးခဲ့ရတာပင် ...။

“ဒီမှာ ... မင့်သားလည်း ဘွဲ့ရပြီးသားပဲ ... ဒီနေ့ထိ ဘာအလုပ်လုပ်ဖို့ ပြောဖူးသလဲ ...”

“ဝန်ထမ်း မလုပ်ခဲ့ပေမဲ့ သူ သုံးဖို့ တော့ သူ ရှာနေတာလဲ ... အိမ်မှာ လက်ဝါးဖြန့်ပြီး သုံးဖြုန်းနေတာမှ မဟုတ်ဘဲရှင် ...”

“တစ်ခါမှ လက်ဝါး မဖြန့်ခဲ့ဘူးပေါ့ ...”

“ကိုထွန်းငွေ ရယ် ... မိဘနဲ့ သားသမီးဆိုတာကတော့ ...”

“ငါ မွေးထားတာမှ မဟုတ်ဘဲကွ ...”

ပြတ်သားစွာ ပြောပြီး ဘာမှ မပြောလိုက်သလို ခပ်တည်တည်နေ၏။

ဒေါ်မြတ်ညွန့် ပါးစပ်အဟောင်းသား ဖြစ်သွားတော့ ခွန်မင်း ထွန်း နဲ့ ဟေမာ တို့ က ပြုံးစိစိတွေဖြစ်ကာ သဘောတွေ ကျနေကြ၏။

"မင်းက ငါတို့ ချည်းပဲ အလွန်ပြောနေလို့ လွန်နေရတဲ့ အကြောင်းကို ပြောပြတာလေ ..."

တိခနဲ တိတ်ကျသွားပြီးမှ ဦးထွန်းငွေ က ပြန်လှည့် ရှင်းနေသည် ။

"ကလေးလေးတုန်းက ကောက်မွေးစားခဲ့တယ် ... ဒီအရွယ်ထိ ပြုစု ကျွေးမွေးခဲ့တယ် ... တော်ပြီလေ ... ဘာမှ မတော်တဲ့ သူမျိုးကလေး တ စ်ယောက်ကို ဘယ်လောက်ထိ ..."

"တော်ပါတော့ ရှင် ..."

ဖိုင်း အမှတ်တမဲ့ အပြင်က ပြန်လာရင် ကြားသွားမှာ စိုးကာ ဒေါ်မြ တ်ညွန့်ပဲ စကားဝိုင်းထဲက ထွက်ဖို့ ကြိုးစားရ၏။ ဘယ်သူ့ရှေ့မှာ ဖြစ်နေ နေ .... ဒီစကားဝိုင်းက အားနာ လျှော့ချသွားမှာ မဟုတ်တာ သိနေကာ .. .

"ကျွန်မဖြင့် ကြာ လာလေ ... အံ့သြမိလေပါပဲ ..."

မတ်တတ်ရပ်လိုက်ပြီးမှ ပြောချင်မိတာကိုလည်း မမျိုသိပ်နိုင်ဘဲ ...

"လသားအရွယ်လေးကတည်းက မွေးမြူလာခဲ့တဲ့ ဒီကလေးအပေါ်မှာ သံယောဇဉ်လေး တစ်စိုးတစ်စိမှ ရှိမနေခဲ့ဘူးဆိုတာ ..."

"အစတည်းက မင်း စိတ်ချမ်းသာ လုပ်ဆိုပြီး ငါ ခွင့်ပြုခဲ့တာလေ ... ချစ်ပါတယ်လို့ များ ငါတို့ က ပြောမိလို့ လား ..."

ပြောမိတာက ကိုယ့်အပြစ်ပါ ...၊

ဒေါ်မြတ်ညွန့် စိတ်ပျက် အားလျှော့ကာ အိမ်ထဲ ပြန်ဝင်ခဲ့မိသည် ။

ဖိုင်း ဒီလောက်ထိ မယဉ်ကျေးခဲ့တာ ဘယ်သူ့အပြစ်တွေလဲ ...၊

*

# အခန်း (၄)

"ခွန်ဖိုင်း ..."

ရေချိုးမလို့ လဲချလိုက်သည့်အင်္ကျီကို ပြန်ကောက်ပြီး ထွက်လာခဲ့တော့ ပဟေမာ က ဘေးတံခါးနားက စောင့်နေကာ ...

"ငါ့အင်္ကျီ တစ်ထည်လောက် ထည့်လျှော်ပေးစမ်းပါ ..."

"ဘာဖြစ်လို့ လျှော်ပေးရမှာ လဲ ..."

"ဟဲ့ ... ငါက မနက်ဖြန် အလုပ်ကိစ္စ ခရီးသွားရမှာ ..."

"အဲဒီတော့ ဘာဖြစ်လဲ ..."

ဖိုင်းက ပဟေမာ့ကို တိုးတိုက်ပြီး ရေကန်ဘက်ကို ဆင်းသွားသည် ။ ပဟေမာ က နောက်က ဆင်းလိုက်သွားကာ ...

"ခွန်ဖိုင်း ... ငါ နင့်အစ်မ နော် ... နင့်ထက် ကြီးတယ် ..."

"မသိဘူး ... မေ့နေတယ် ..."

"ဩော် ... ဟုတ်မှာ ပေါ့ ... မနေ့က မိုးကြိုးပစ်ခံရတဲ့ ထဲမှာ နင်လည်း ပါသွားတာကိုး ..."

"ဟား ... ဟား ... ဟား ... ဟား ..."

ဖိုင်းက မျက်နှာမော့ ရယ်သည် ။

အရပ်ကြီးက ထွားထွားကျိုင်းကျိုင်း ... ရင်ဘတ်ပြင်ကျယ်က တခြားသော ယောက်ျားတွေထက် နည်းနည်း ပိုချင်၏။

ဘေးခွဲ မကျတကျ ဖြူခြောက်ခြောက် ဝါကျင့်ကျင့် ဆံပင်ရှည်ကြီးတွေ ပခုံးထောက် ရှိနေကာ ...

"ဆံပင်တွေရော လူရော တစ်ကိုယ်လုံး ယိမ်းထိုးနေအောင် မရယ်နဲ့ ... တောင်ထိပ်ပေါ်တက်ပြီး ရင်ဘတ်စုံထုနေတဲ့ လူဝံကြီးနဲ့ တူတယ် ..."

အင်္ကျီ ကိုင်ထားရင်း ခါးနှစ်ဖက်ထောက်ကာ ဟေမာ ရှုံ့ရှုံ့မဲ့မဲ့ ကဲ့ရဲ့သည် ။ ထို့ပြင် ...

"ဒီမှာ နင် မှတ်ထား ... လူဆိုတာ နေတတ် စားတတ်ရတယ် ... ဒါမှ ကိုယ် ရသင့်နဲ့ နေရာကို ရတာ ..."

"ဟုတ်တယ် ထင်တယ် ... ငါက မနေတတ် မစားတတ်ခဲ့တော့ နေရာရရ မရရ ဂရုမစိုက်တတ်တဲ့ အကျင့်တောင် ပါနေပြီ ..."

ပြောပုံက ရယ်မောမပျက် ...၊

"ဥပမာ မုန့်ဝေတော့ မရဘဲ တုတ်ဝေမှ ရတာတွေကို ကျေကျေနပ်နပ် ခံယူပြီး ပေးတဲ့ တာဝန်ကို အရိုးကြေကြေ အရေခန်းခန်း ထမ်းရွက်ပေးဖို့ သင့်တာတွေ ..."

"နင့်ကိုလည်း အဲဒီလောက် တော်သင့် ကောင်းမွန်ဖို့ မမျှော်လင့်ဘူး ခွန်ဖိုင်း ... နင် ဘာတစ်ခုမှ ကို မသိတတ်ဆိုးရွားခဲ့တာတွေကိုပဲ ပြောချင်တာ ... ငါတို့ က နင့်အပေါ် မကောင်းဘူးချည်းပဲ တွေးနေမယ့်အစား ... နင်ရော ဒီအိမ်မှာ ဘယ်လောက်ကောင်းနေသလဲဆိုတာ စဉ်းစားဦး ..."

"မစဉ်းစားပါဘူး ... ဘယ်သူ့မေတ္တာကိုမှ လည်း ငါ မမျှော်လင့်ဘူး ... ဒီမှာ ဟေမာ ... နေတတ် စားတတ်ဖို့ ဆိုတာ ငါချည်းပဲ လိုတာ မဟုတ်

ဘူး … နင်တို့ လည်း လိုတယ် …”

“ဘာ! … ပြောတယ် …”

“ငါက ငါ နေတတ်သလို နေတာလေ … အမေ့ သံယောဇဉ်နဲ့ ငါ အိမ်ကို ပြန်လာတယ် … စားပါဆို ဝင်စားလိုက်တာပဲ … မနေ့ကလို ငါ စားခါနီးမှ မသဒ္ဓါကြည်ဖြူစွာ မျက်စောင်းထိုးတာမျိုး ရှိလာရင် ထားပစ်ခဲ့တယ် …၊ ပြောချင်တာက စားစေချင်လို့ ကျွေးရင် စားမယ် … မစားစေချင်ဘူးထင်ရင် မစားဘူး … နေတတ် စားတတ်ခြင်းဆိုတာ ဒါပဲ မဟုတ်လား …”

ရှစ်ပေ ခြောက်ပေရှည်သည့် အုတ်ကန်ပေါင်မှာ ခါးစောင်းနဲ့ မှီ၍ လက်ပိုက်လိုက်ကာ …

“ငါ အဲဒီလို နေတတ် စားတတ်တာ သိနေရင် နင်တို့ လည်း ဘယ်လို နေရ စားရမယ်ဆိုတာ ပြန်တွေးပေ့ါ …”

ပြောနေရင်း သူမ လက်ထဲက အင်္ကျီကို ကြည့်၍ …

“ငါတို့ ကိုယ့်ဘာသာ နေတတ်ကြရင် အကျယ်ကျယ် မငြိမ်းဖွယ်တွေ ဖြစ်နေဖို့ မလိုတော့ဘူး …”

“အေး … မှတ်ထားလိုက်မယ် …၊ နင့်ဆီက အဲဒီလို သိတတ်ပုံလေးတွေကိုလည်း အမေ့ကို ပြောပြပါဦးမယ် …”

“စိတ်မဝင်စားဘူး …”

ဖိုင်း ကရွဲ့ပြီဆို တစ်ဆုံးထိ ရွဲ့သည် ။ ကိုယ့်အင်္ကျီတစ်ထည်ကို ဖွပ်လျှော်ဖို့ တောင် ဝတ်စရာ မရှိတော့မှ သတိရတာ …၊ သူ့အင်္ကျီ လျှော်ပေးပါ ပြောလာသေးသည် ။

သူ့အတွက်က ဒီလောက် ပြေပြေပြစ်ပြစ် ပြောပေးလိုက်တာ တော်တော် စိတ်ကောင်းဝင်နေလို့ ...၊ သူ့လောကမှာ သူ့ဒဿနက သူတော်မှ ကိုယ်ကောင်းမည် ...၊ ကိုယ်ချည်းပဲ သူတော်ကောင်း မလုပ်နိုင် ...၊

နှုတ်ခမ်းမဲ့ရင်း အင်္ကျီတစ်ထည်ကို ဒုန်းဒိုင်းမြည်သွားအောင် ဆောင့်လျှော်ပစ်လိုက်သည် ။

ပြီးတော့ ရေထဲကို လက်တံတောင်ဆစ်ထိ နစ်သွားအောင် ရေနှစ်ခပ်ရင်း တဗွမ်းဗွမ်း လောင်းချိုးပစ်လိုက်၏။

အိမ်ကိုရောက် လာပြီဆို ခွန်မင်းထွန်းတို့ မောင်နှမနဲ့ မဆုံတဲ့ အခါမှာ ပြောရဆိုရ သက်သာ၍ ငြိမ်းချမ်းမှုကိုလည်း ရတတ်ပါသည် ။

ဒီမောင်နှမ ရှိနေပြီဆို တစ်နေ့ အခါနှစ်ဆယ်လောက်က ရန်ဖြစ်ရခြင်း ... ဒေါသထွက်ရခြင်းများ နှင့် ...

"ဟင်! ..."

လက်ခုပ်ထဲကို ဆပ်ပြာညှစ်ချ၍ ကိုယ်ကို ပွတ်တိုက်နေမိစဉ် တစ်ဖက်အိမ် ပြတင်းပေါက်ကနေ မိန်းကလေးတစ်ယောက် ရပ်ကြည့်နေတာနှင့် ပက်ပင်းတိုး၏။

ဆံပင် ပခုံးလောက်အရှည် ပျော့စင်းစင်းလေးနှင့် မျက်နှာက ပါးမို့ အနည်းငယ် မောက်ပေမဲ့ လေးထောင့်ဆန်တာမျိုးတော့ မဟုတ် ...။

ပြည့်သွယ်သည့်မျက်နှာမျိုးဖြစ်ကာ ဖြူစင်ဝင်းနှစ်နေသည့် အသားရောင်က ညနေဆည်းဆာကြောင့် ပို၍ ဝင်းထိတ်နေသလိုပင် ...၊

လည်စည်းနှင့် ကိုယ်ကျပ်ဆွယ်တာပုံမျိုး အင်္ကျီက လက်နှစ်ဖက် ကျမှ ပွပွအိအိနှင့် လက်ခုံတွေပေါ်ထိ ရှည်၏။ ပြောရမည်ဆိုလျှင် ပြတင်းပေါက်ကနေ မြင်ရသည့် ကိုယ်လုံးပုံသဏ္ဌာန်အရမှာ လည်း တော်တော်

လေး ပြေပြစ်မှု ရှိလေသည် ။

“လှတော့ လှပါရဲ့ ... ဘာလဲ ...”

ယောက်ျားလေးတစ်ယောက် ရေချိုး ဆပ်ပြာတိုက်နေတာကို မျက်နှာမလွှဲတမ်း စိုက်ကြည့်နေတာ ဘယ်လို ခွဲခြားပြီး ဖြစ်ပျက်ရှုနေတာလဲ ...၊

သူကလည်း ရေဆက်မချိုးဘဲ ဆပ်ပြာကို စိမ်ပြေနပြေ တိုက်နေရင်း သူမလိုပဲ မျက်နှာ မလွှဲတမ်း ကြည့်နေလိုက်၏။

လက်လန်တယ်လို့ ရေရွတ်ရင်း ခေါင်းတွင် တွင် ခါမိ၏။ ရေချိုးနေရင်း သူမထံမှာ ပဲ သူ့မျက်လုံးတွေ စူးရောက်နေခဲ့၏။ လှလွန်းလို့ မဟုတ်ပါ ...။

အစကတော့ လှလို့ လှမ်းကြည့်မိတာပေမဲ့ ကြည့်နေမိရင်း သူမ မျက်နှာမလွှဲတော့ဘူးလားဆိုတာကို ပို စိတ်ဝင်စားလာခဲ့သည် ။

သူမကတော့ ပြတင်းပေါင်မှာ တောင် ပခုံးစောင်းလေးနဲ့ မှီလိုက်ရင်း လက်ပိုက်လိုက်သေးသည် ။ လူက လှုပ်ရှားပေမဲ့ မျက်နှာကတော့ ဒီကနေ မလွှဲ ...၊

သူသာလျှင် ရေချိုးပြီးသွားသည် ...၊ သူမက ဒီအတိုင်း ...။

“ဟ! ...”

“ဟာ! ... ဘယ်လိုဖြစ်လာတာလဲ ...”

အိမ်ထဲ ဝင်ခါနီးမှ သူမလိုက်ကြည့်နေဆဲ ရှိတာကို နောက်ပြန်လှည့်ကြည့်မိစဉ် အထဲက ထွက်လာသည့် ခွန်မင်းထွန်း နှင့် သေချာ ဝင်တိုက်မိတော့သည် ။

“ဘာဖြစ်လာတာလဲကွ ...”

“ကိုမင်း ... ဟိုဘက်ကအိမ်မှာ လူသစ်တွေ ရောက်နေတာလား ...”

“ဟုတ်မှာ ပေါ့ ... မင်းလို ကမ္ဘာခုံကျယ်သရွေ့ မရောက်တဲ့ နေရာ မရှိအောင် သွားနေတဲ့ ကောင်တောင် မသိတာ ... ငါက ဘယ်လိုလုပ်သိမှာ လဲ ...”

“ကမ္ဘာခုံကျယ်သရွေ့ သွားလာနေပေမဲ့ ခြေရင်း ခေါင်းရင်း အိမ်တွေကို သွားလည်ဖို့ မှ ဝါသနာ မပါတာ ...”

“ငါကတော့ ပါနေလို့ လား ...”

“ကိုမင်း တို့ အိမ်မှာ အမြဲရှိနေတာပဲ ... သိသလားလို့ ပါ ...”

ခွန်မင်းထွန်း က တစ်ဖက်က ပြတင်းပေါက်ကို လှမ်းကြည့်သည် ။

မိန်းမလှလေးတစ်ယောက် ပြန်လှည့်ဝင်သွားတာ မြင်လိုက်မှ အထင်မြင်သေးသော ခပ်မဲ့မဲ့အပြုံးနှင့် ...

“အဲဒီဝါသနာမျိုး လုံးဝ မပါဘူး ... မင်း သိချင် သွားမေးကြည့် ...”

ဒီကောင့်ကို စကားကောင်းပြောဖို့ စိတ်ကူး မရှိခဲ့သဖြင့် တမင်ဘောပြောခဲ့ပေမဲ့ ရေချိုးဖို့ ထွက်လာခဲ့သည့် သူ့မျက်လုံးတွေက ပြတင်းပေါက်က ခွာသွားသည့် မိန်းကလေးကို တွေ့ရလို တွေ့ရငြား ...၊

“ဟာ! ... ဟာ! ...”

မျက်နှာသစ်ဆပ်ပြာနဲ့ ကိုယ်တိုင်ဆပ်ပြာဘူးတွေကို ကန်ဘောင်ပေါ်တင်လိုက်ပေမဲ့မျက်လုံးက တခြားရောက်နေမိသဖြင့် ရေထဲကို တမင် ချပစ်လိုက်တဲ့ အတိုင်း ...၊

“သေစမ်း ... သေလိုက်စမ်း ... ကျွတ်! ... သွားပြီ ...”

ရေထဲကို မြုပ်ဆင်းသွားသည့် ဆပ်ပြာဘူးတွေကို ဒေါ်သတကြီး ငုံ့ကြည့်မိကာ နောက်ကိုလည်း မလုံမလဲ ပြန်ကြည့်မိသေးသည် ။

ဟိုကောင်သာ မြင်လိုက်ရင် ဘာပြောကောင်းမလဲ ...၊

ဒါတွေ အမြန်ပြန်ဆယ်မှ ...၊

*